# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 23 July 2025 ၁၁၈၈၇


## ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း

၁။ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ၂၇-၇-၂၀၂၅ ရက်နေ့(တနင်္ဂနွေနေ့) နံနက်(၆:၀၀)အချိန်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၂။ အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်းကပ်ထားမည်ဖြစ်ပါသည်။

၃။ အောင်စာရင်းထုတ်ပြန်မည့် ၂၇-၇-၂၀၂၅ ရက်နေ့၊ နံနက်(၄)နာရီတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားပါသည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာပေးမည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ် ကောင်းစွာမရရှိသည့် စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယို အစီအစဉ်မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၅။ မိဘပြည်သူများ သက်ဆိုင်ရာစာစစ်ဌာနများ၌ အောင်စာရင်းကြည့်ရှုရန် လာရောက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

၆။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ဖုန်းနံပါတ်(၀၁-၆၅၃၅၀၈)သို့ အောင်စာရင်းထုတ်ပြန်ကြေညာမည့် ၂၇-၇-၂၀၂၅ ရက်နေ့(တနင်္ဂနွေနေ့) တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန

**ယနေ့ ဖတ်စရာ**

**နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ၊ နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ » ၉

**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၉ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်**

စာမျက်နှာ » ၁၁

## ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံ မိုးမြေပဲ ဧက ၅၈၀၀ ကျော် စိုက်ပျိုးပြီးစီး



ကျွန်းလှမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မိုးမြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ကျွန်းလှ ဇူလိုင် ၂၂

စစ်ကိုင်းတိုင်း ဒေသကြီး ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးရာသီတွင် မြေပဲ ဧက ၅၈၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံမျိုးစုံကို နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးကြပါတယ်။ ဒီနှစ်မိုးရာသီမှာ မြေပဲစိုက်ပျိုးဖို့ ၇၃၁၄ ဧက လျာထားပြီး လက်ရှိအချိန်ထိ ၅၈၃၅ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ တောင်သူတွေ ဒေသတွင်းစားသုံးဆီဖူလုံဖို့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



ကြေးမုံ

# လူမှုစီးပွားဘဝအဆင်ပြေစေရေး ကုန်စည်စီးဆင်းမှုတည့်မတ်ပေး

ပြည်သူများ၏ အဓိကလိုအပ်ချက်မှာ ကုန်ပစ္စည်းများ သင့်တင့်မျှတသော ဈေးနှုန်းရှိစေရေး၊ ဈေးနှုန်းကွာဟမှုကြီးကြီးမားမားမရှိဘဲ တည်ငြိမ်မှုရှိစေရေးနှင့် စားသုံးကုန်ပစ္စည်းများ ဖူလုံပြည့်စုံမှုရှိစေရေးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်ရေး တို့ကို ဦးစားပေးဆောင်ရွက်နေသလို ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး ကိုလည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ကုန်ဈေးနှုန်းတက်ခြင်း သဘောတရားများတွင် စီးပွားရေးဈေးကွက်အတွင်း အပြောင်းအလဲတစ်ခုခုကြောင့်ဖြစ်စေ၊ ဈေးကွက်အတွင်း အခြေခံစားသောက် ကုန်များ ပြတ်လပ်မှုကြောင့်ဖြစ်စေ၊ ကုန်စည်စီးဆင်းမှုတွင် အခက်အခဲအဟန့်အတား တစ်ခုခုကြောင့်ဖြစ်စေ ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်လေ့ရှိသည်။ အခြေအနေများ ပြန်လည်တည်ငြိမ်လာသည့်အခါ ပုံမှန်ဈေးနှုန်းများအဖြစ် ပြန်လည်ဖြစ်ပေါ်လေ့ ရှိသည်။ သို့သော် ဈေးနှုန်းပြန်မကျခြင်းသည် မတော်လောဘဖြင့် ရယူလိုမှုများ၊ ဈေးကွက်တည်ငြိမ်မှုမရှိအောင် ဈေးကစားမှု၊ ဈေးကွက်ဖျက်မှုစသည့် တစ်မျိုး မဟုတ်တစ်မျိုးကြောင့် ဈေးကွက်တည်ငြိမ်မှုမရှိဘဲ ဈေးနှုန်းမြင့်မားမှုဖြစ်ပေါ်စေသည်။

ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်၍ လက်လီဈေးကွက်သာဓကတစ်ခု အနေဖြင့် စားသောက်ကုန်ပစ္စည်းတစ်မျိုးကို ရောင်းချရာ၌ အခြားလက်လီဆိုင် များထက် ဈေးနှုန်းချိုသာနေသည်ကို တွေ့ရသည်။ လက်ရှိဈေးကွက်ပေါက်ဈေးအရ အကျဘက်တွင်ရှိနေသဖြင့် သင့်တင့်မျှတသော အမြတ်အစွန်းဖြင့် စားသုံးသူတို့ကို ရောင်းချပေးနိုင်ခြင်းဖြစ်သည်။ ဤသို့သော လက်လီဆိုင်အချို့မှာ နမူနာယူစရာ ဖြစ်သည်။ အများစုမှာ ဝယ်ဈေးကျသော်လည်း ရောင်းဈေးကို အတက်ဈေးအတိုင်း ရောင်းချပြီး အမြတ်အစွန်း ပိုမိုယူသူများသည်။ အဝယ်ဈေးနှုန်းတက်လျှင် ထပ်မံ ဈေးတင်ရောင်းသည်။ ဤသို့ဖြင့် ကုန်ဈေးနှုန်းမှာ တရိပ်ရိပ်မြင့်လာသည်။

အခြားတစ်မျိုးမှာ မတော်လောဘ ဈေးကစားကြသူများဖြစ်သည်။ ထို့ထက် ပိုလျှင် ဈေးကွက်ဖျက်ဆီးပြီး မတရားစီးပွားရှာသည့် ဝိသမလောဘသားများ ဖြစ်သည်။ စီးပွားရေးသည် သမုဒ္ဒရာရေကဲ့သို့ဖြစ်သော်လည်း စီးပွားရေးဈေးကွက် တွင် အပြိုင်အဆိုင်သဘောရှိသဖြင့် ဖျက်လိုဖျက်ဆီးလုပ်လိုသူများလည်းရှိမည် ဖြစ်သည်။ အများပြည်သူစားသုံးသူမျက်နှာကို မထောက်ထား ကိုယ်ကျိုးစီးပွား ရှာဖွေမှုကြောင့် ကုန်ဈေးနှုန်းတက်ခြင်း၏ အရေးကြီးသောအကြောင်းအချက်အဖြစ် ပါဝင်လာသည်။ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မှုသည် အရောင်း အဝယ်လုပ်ကိုင်သူများအတွက် ခံသာသော်လည်း ပုံသေဝင်ငွေရရှိသည့် လခစား ဝန်ထမ်းများနှင့် အခြေခံလူတန်းစားများအပေါ် သက်ရောက်မှုကြီးမားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "အခြေခံ စားကုန်များ အထွက်နှုန်းတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ ဈေးနှုန်းကို သင့်တင့်သောဈေးနှုန်းဖြစ်စေရန်၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်း များကို အသုံးချ၍ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဆီထွက်သီးနှံ များဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်စသည့် သီးနှံများကို တိုးမြှင့်စိုက်ပျိုး ထုတ်လုပ်ပြီး ပြည်တွင်းတွင် ဆီဖူလုံမှုရှိစေရေး တွန်းအားပေးဆောင်ရွက်သွားရန်" လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်နှင့် ပြည်သူအတွက် စားသောက်ကုန် ဈေးနှုန်းများ သင့်တင့်မျှတစေရေး၊ စားရေရိက္ခာဖူလုံရေးအတွက် ကုန်ထုတ်လုပ်ငန်း များ မြင့်မားတိုးတက်စေရေးတို့ကို တွန်းအားပေးဆောင်ရွက်နေချိန်တွင် ပြည်တွင်း ဈေးကွက်၌ မတော်လောဘဖြင့် စီးပွားရှာဖွေကြသော ဝိသမလောဘသားများကို လည်း ဖော်ထုတ်ကြရပေမည်။ စီးပွားရေးလက်ဝါးကြီးအုပ်မှု၊ ဈေးကွက်ဖျက်ဆီးမှု၊ မတရားသော စီးပွားရေးယှဉ်ပြိုင်မှုတို့ကို တားဆီးကာကွယ်မှု၊ ငွေကြေးခဝါချမှုတို့ကို ဖော်ထုတ်မှု၊ မှန်ကန်စွာဆောင်ရွက်သည့် တိုင်းရင်းသားလုပ်ငန်းရှင်များကို အကာအကွယ်ပေးမှုတို့ဖြင့်လည်း ဈေးကွက်တည်ငြိမ်အောင်၊ နိုင်ငံတော်၏ စီးပွားရေးကောင်းမွန်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည့်အပြင် စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ MSME လုပ်ငန်းများကို အားပေးကူညီခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးကဏ္ဍတွင် စနစ်တကျ စိစစ်ဆောင်ရွက်ခြင်း၊ ပို့ကုန်ဖွံ့ဖြိုးရေးကဏ္ဍတွင် ပိုမိုအားထည့်ဆောင်ရွက်ခြင်း၊ ကုန်စည်စီးဆင်းမှုမှန်ကန်မှုရှိစေရေးကို ဆောင်ရွက် ပေးခြင်းတို့နှင့်အတူ မတော်လောဘစီးပွားရေးအန္တရာယ်များကို ကာကွယ်ပေးခြင်း ဖြင့် တိုင်းပြည်၏ စီးပွားရေးတိုးတက်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမို ကောင်းမွန်လာမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်မိုးမျိုးတင့် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကံမမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

ကံမ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကံမမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က အမှာ စကားပြောကြားပြီး အခြေခံပညာအထက်တန်းအဆင့် ကျပန်း စကားပြောပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အမြဲမပြတ်လေ့လာ သင်ယူရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တက်ရောက်လာသူများနှင့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲနှင့် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံများကို ကြည့်ရှုအားပေး ခဲ့ကြောင်း သိရသည်။



မြို့နယ်( ပြန်/ဆက်)

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၂

မျက်မှောက်ကာလတွင် ဖြစ်ပွား လျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေး ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာမုန်းတီးပြီး အမြင်မှန်တွေနဲ့အတူ အဆက်မပြတ် အလင်းဝင်လာကြတဲ့ PDF လူငယ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## ၂၂ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၇,၀၀၀ | ၃၉ | ၂၇၃,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၁,၁၀၂ | ၃,၆၉၁,၆၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၂ | ၁၅,၆၀၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၈၇၃ | ၂,၃၁၃,၄၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၀၀၀ | ၁,၆၇၅,၂၅၀ |
| AMATA | ၃,၅၅၀ | ၃,၅၅၀ | ၃၅၉ | ၁,၁၆၂,၁၅၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၂၀ | ၆၆,၀၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၀၀ | ၁,၁၂၃ | ၃,၄၁၂,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းရှိ ရထားလမ်းနေရာများ၊ တံတားများနှင့် ဘူတာများ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြင့်နှင့်အတူ ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ဘူတာမှ Rail Bus Engine-RBE အထူးရထားဖြင့် ထွက်ခွာခဲ့ရာ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရှမ်းရွာဘူတာသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘူတာအဆောက်အအုံ ဖယ်ရှားရှင်းလင်းပြီးစီးမှု၊ ပြန်လည်တည်ဆောက်မည့် ဘူတာသစ်၏ ဒီဇိုင်းပုံစံနှင့် လက်ရှိ Modular Office တပ်ဆင်၍ ဘူတာအဖြစ်အသုံးပြုမှု အခြေအနေတို့ကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

**မှာကြား**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာစည်ဘူတာသို့ ရောက်ရှိပြီး ဘူတာသစ်ကြီးတည်ဆောက်ရန် မြေနေရာရှင်းလင်းထားမှု အခြေအနေ၊ ဘူတာသစ်၏ ဒီဇိုင်းပုံစံတို့ကို စစ်ဆေးပြီး ဘူတာအင်္ဂါရပ်နှင့် ပြည့်စုံစေရေး၊ သန့်ရှင်းသပ်ရပ် လှပစေရေးတို့အတွက် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝမ်းတွင်းမြို့နယ်အတွင်း ယမန်နှစ်က ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် စမုံဘူတာနှင့် သပြေတောင်းဘူတာ အကြားရှိ တံတားအမှတ် (၆၉၁) နေရာသို့ ရောက်ရှိကာ ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာ ပိုမိုကောင်းမွန်စေရေး ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ သပြေတောင်းဘူတာ၌ ငလျင်ဒဏ်ခံ ဘူတာအဆောက်အအုံဟောင်းဖျက်သိမ်းပြီးစီးမှု၊ မြေနေရာရှင်းလင်းထားမှုနှင့် ဘူတာသစ်၏ ဒီဇိုင်းပုံစံ၊ Modular Office တပ်ဆင်၍ လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ဘူတာသစ်အတွက် မြေနေရာရှင်းလင်းထားမှုနှင့် ဒီဇိုင်းပုံစံသစ်တို့ကို စစ်ဆေး၍ ဘူတာသို့ အဝင်အထွက်လမ်းများ သပ်ရပ်ရေး၊ ဘူတာမျက်နှာစာ သန့်ရှင်းသပ်ရပ်လှပရေး၊ ရထားစီးခရီးသည်များ အဆင်ပြေစွာ ရထားစောင့်ဆိုင်းနိုင်မည့်နေရာ လျာထားရေးတို့ကို မှာကြားသည်။

ညနေပိုင်းတွင် မန္တလေးဘူတာကြီးသို့ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ဘူတာကြီးယာဒ်ဝင်းအတွင်း ပျက်စီးသွားသည့် ရထားလမ်းခွဲရုံနှင့် Modular Office ဖြင့် ယာယီရထားလမ်းခွဲသည့် အချက်ပြစနစ် တပ်ဆင်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မူလလမ်းခွဲရုံကို အမြန်ဆုံးအကြီးစား ပြန်လည်ပြင်ဆင်တည်ဆောက်ပြီးစီးစေရေး လိုအပ်ချက်များကို မှာကြားသည်။

ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)သို့ ရောက်ရှိလာပြီး ဦးစွာ တွဲသစ်ရုံအမှတ်-၃ ၌ စက်ရုံ၏ အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ကုန်သေတ္တာတင်တွဲများ တည်ဆောက်မှုအခြေအနေတို့ကို တင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်ဝန်ထမ်းများစဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ရေး၊ စက်ရုံ၏လုံခြုံရေးပိုမိုကောင်းမွန်အောင် စီမံရေး၊ ဝန်ထမ်းများကျန်းမာရေးနှင့် သက်သာချောင်ချိရေးကိစ္စများကို မှာကြားသည်။

ယင်းနောက် စက်ရုံအတွင်း ကုန်သေတ္တာတင် တွဲများတည်ဆောက်နေမှု၊ DEMU ရထားတွဲတစ်တွဲ စမ်းသပ်တည်ဆောက်နေမှု၊ လူစီးတွဲနှင့် ကုန်တွဲများအကြီးတန်းပြင်ဆင်မှု၊ ဘီးဘိုဂီအသစ်များ ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တွဲများ၏ သက်တမ်းအလိုက် ကြံ့ခိုင်မှု ပိုမိုကောင်းမွန်စေရေး၊ ပြန်လည်အသုံးမပြုနိုင်တော့သည့် တွဲဘီးဟောင်းများ စီမံခန့်ခွဲရေး လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့မီးရထား၏ ကုန်စည်ပို့ဆောင်ရေးဌာနခွဲဝင်းသို့ ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ယင်းနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အထပ်မြင့် အဆောက်အအုံများပေါ်၌ တပ်ဆင်ခဲ့သော အော်တိုမိုဘိုင်းတယ်လီဖုန်းစခန်းများနေရာတွင် ရွေ့လျားမိုဘိုင်းစခန်း တာဝါတိုင်အစားထိုး တပ်ဆင်ပေးထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများ၏ နေထိုင်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။

ထို့နောက် အဆိုပါမြို့နယ်အတွင်းရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံးသို့သွားရောက်၍ ရုံးဝင်းအတွင်း အန္တရာယ်ရှိသည့် သစ်ပင်အိုကြီးများ ရှင်းလင်းရေး၊ ဖုန်းကြိုးများ၊ အင်တာနက်ဝိုင်ဖိုင်ကြိုးများ စနစ်တကျရှိစေရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံး၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းရုံးနှင့် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့်ပျက်စီးမှုများ ပြင်ဆင်ပြီးစီးမှုအခြေအနေ၊ Modular Office များတပ်ဆင်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ Modular House များတွင် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ ရှေ့ဖုံးမှ

အဆိုပါ မိုးမြေပဲစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းများ အသုံးပြုပြီး စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးပြေဆေးပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးရန် ၇၃၁၄ ဧကလျာထားကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ်အတွင်း သမဝါယမအသင်းသား တောင်သူများ၏ နွေစပါးရိတ်သိမ်းနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာသို့ရောက်ရှိပြီး ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် အသင်းသားများ၏ လယ်မြေဧက ၂၀ တွင် နွေစပါးစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။



**ဆွေးနွေးပြောကြား**

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ရုံးတောကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကျေးရွာဖြစ်သည့်အတွက် ကျေးလက်နေ တစ်မိသားစုချင်း၏ ဝင်ငွေတိုးပွားရေး နွေစပါးအပြီး မိုးသီးနှံများ စိုက်ပျိုးနိုင်ရေး၊ မိုးသီးနှံပြီးပါက ဆောင်းသီးနှံများ သီးထပ်သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ သတ်မှတ်ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် အမှန်တကယ်ကြိုးပမ်းဆောင်ရွက်ရမည်မှာ တောင်သူများ၏ တာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုံးတောကျေးရွာ၌ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော စက်ချုပ်လုပ်ငန်းဆောင်ရွက်နေသူ သင်တန်းသူများ၏ စက်ချုပ်ဆိုင်လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများစဉ်ဆက်မပြတ် လုပ်ကိုင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အရင်းအနှီးများ ထောက်ပံ့ပေးနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်က လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ဥယျာဉ်စုကျေးရွာရှိ တောင်သူ ၁၀၀ တို့၏ စိုက်ပျိုးမြေဧက ၁၅၀ ကျော်ကို အကျိုးပြုပေးနိုင်မည့် ဥယျာဉ်စုကျေးရွာ ကုန်ထုတ်လမ်းတံတားဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကျေးရွာလမ်းကော်မတီဝင်များ၊ ဒေသခံပြည်သူအားလုံးက လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း၊ ကျေးရွာတောင်သူများကိုယ်တိုင်က မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားဆောင်ရွက်လိုသည့်စိတ်များ မွေးမြူကြရမည်ဖြစ်ပြီး မိမိအကျိုး၊ အများအကျိုး၊ ရပ်ရွာအကျိုးအတွက် သမဝါယမစနစ်နှင့်အညီ စိတ်တူကိုယ်တူ ဆန္ဒတူသူများစုပေါင်း၍ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရှိရမည်ဖြစ်သလို သတ်မှတ်စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားကာ ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များ အချက်အလက်ကောက်ယူရန် မေးခွန်းပုံစံများ အတည်ပြုချမှတ်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၂

ပန်းတိုင် အထွက်နှုန်းရရှိရေး (Yield Gap Analysis) အထွက်နှုန်းကွာဟချက်များ အကြို ဆန်းစစ် လေ့လာခြင်းအပေါ် တွေ့ရှိချက်များအား သုံးသပ်ဆွေးနွေးခြင်းနှင့် အချက်အလက်ကောက်ယူရန် မေးခွန်းပုံစံများ အတည်ပြုချမှတ်နိုင်ရေး ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုး ပညာပေးရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်စွာရပ်တည်နိုင်ရေးနှင့် သုတေသနမှသည် တောင်သူလက်ဝယ်အရောက် ပို့ဆောင်နိုင်ရန် Digital Platform ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက် လျက်ရှိကြောင်း၊ စိုက်ပျိုးနည်းစနစ်ကောင်းများကို တောင်သူများ စနစ်တကျ အသုံးပြုနိုင်ရေးအတွက် လူထုအခြေပြုစီမံချက်များ ထားရှိဆောင်ရွက်ကြရမည်ဖြစ်ရာ စိုက်ပျိုးရေး ပညာရှင်များ အကျွမ်းတဝင်ဖြစ်ရန် လိုအပ်သည့် IOT (Internet of things) ကို စဉ်ဆက်မပြတ် လေ့လာ အသုံးပြုသွားကြရန် တိုက်တွန်းပါကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်**

ယနေ့ ဆွေးနွေးပွဲမှသည် နိုင်ငံလုံးကျွတ် သီးနှံအထွက်နှုန်း ကွာဟချက်များ ဆန်းစစ်ခြင်း၊ ပန်းတိုင် အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန် အချက်အလက်များ ပြုစုပညာပေးနိုင်ရေး၊ လယ်သမားတစ်ဦးစီ၏ မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ အခက်အခဲများကို လူထုဗဟိုပြုလေ့လာ၍ လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်း ကွာဟချက်ကို နှစ်စဉ် ဆောင်ရွက်နိုင်ကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရန် ဆရာဖြစ်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန် အရေးကြီးကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေး တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသိင်္ဂီမြင့်က ပန်းတိုင်အထွက်နှုန်းရရှိရေးဦးတည်သော နွေစပါးသီးနှံ အထွက်နှုန်း ကွာဟချက်များကို အကြိုစစ်တမ်း ကောက်ယူလေ့လာခြင်းမှ တွေ့ရှိချက်များ၊ စပါးအထွက်နှုန်း ကွာဟမှုကို ခွဲခြမ်းစိတ်ဖြာရခြင်း ရည်ရွယ်ချက်များ၊ သုတေသနဆောင်ရွက်ခဲ့သည့်နည်းလမ်းများနှင့်သုတေသန တွေ့ရှိချက်များကို တင်ပြပြီး ပါမောက္ခ ဒေါက်တာအေးမိုးစံက အကြို စစ်တမ်းကောက်ယူခြင်းတွင် အချက်အလက်များ စာရင်းသွင်းခြင်း၊ ကောက်ယူခြင်း၊ အချက်အလက်များအပေါ် သုံးသပ်တင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဩဂုတ်လ ပထမပတ်တွင် စတင်ဆောင်ရွက်မည့် စာရင်းကောက်ယူခြင်း လုပ်ငန်းအတွက် ကြိုတင်စီမံဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






## တောင်သူများ နည်းပညာလက်ခံကျင့်သုံးမှု တိုးပွားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၂

တိုင်းဒေသကြီး/ ပြည်နယ်များတွင် တောင်သူပညာပေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြသည့် စိုက်ပျိုးရေးဦးစီးဌာန နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စိုက်ပျိုးပညာပေးဆိုင်ရာ အတွေးအခေါ်များ ပြည့်ဝစေရန်၊ သင့်လျော်သည့်တောင်သူပညာပေး နည်းလမ်းများကို ပေါင်းစပ်သုံးစွဲနိုင်ခြင်းဖြင့် အကျိုးရှိထိရောက်စေမည့် စိုက်ပျိုးနည်းပညာများ တောင်သူများထံ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေရန် ရည်ရွယ်သည့် စိုက်ပျိုးပညာပေး စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း(၂/၂၀၂၅)ကို ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖွင့်လှစ်ပို့ချလျက်ရှိသည်။

တောင်သူပညာပေးလုပ်ငန်းတွင် လွန်စွာအရေးပါသည့် စိုက်ပျိုးပညာပေးဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် စိုက်ပျိုးပညာပေးရေးဌာနခွဲ၊ စီမံကိန်းများဌာနစိတ်က သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ယခုသင်တန်းတွင် စစ်ကိုင်း၊ ပဲခူး၊ မကွေးနှင့်ရန်ကုန် တိုင်းဒေသကြီးတို့မှ စိုက်ပျိုးရေးဝန်ထမ်းများကို ဘာသာရပ်၁၀ ခု ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းဆောင်ရွက်ခြင်းဖြင့် တောင်သူပညာပေးလုပ်ငန်းအတွက်သာမက စိုက်ပျိုးပညာပေးဝန်ထမ်းများ၏ လက်တွေ့လုပ်ငန်းခွင်အတွက်ပါ အကျိုးရှိစေမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီးလေးခုမှ ဝန်ထမ်း ၂၀၀ တက်ရောက်လေ့လာလျက်ရှိပြီးတောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအကြောင်း သိကောင်းစရာ၊ ပူးပေါင်းပါဝင်သည့်ကျေးလက်ဒေသ အကဲဖြတ်သုံးသပ်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံထိခိုက်မှုလျော့နည်းရေးဆောင်ရွက်ရန် ပူးပေါင်းပါဝင်သည့် ပညာပေးလုပ်ငန်းများ၊ နည်းပညာလက်ခံကျင့်သုံးမှုနှင့် လူမှုဒေသအခြေအနေကို လေ့လာခြင်း၊ စိုက်ပျိုးပညာပေးရေးစီမံခန့်ခွဲမှု၊ အီလက်ထရောနစ် စိုက်ပျိုးပညာပေးရေး (E-extension) ဘာသာရပ်များ အပါအဝင် ဆောင်းပါးရေးသားနည်း၊ သတင်းရေးသားထုတ်ပြန်ခြင်းနှင့် မီဒီယာလုပ်ငန်းဆိုင်ရာများကို ဌာနတွင်းမှ ကျွမ်းကျင်သူများက ပို့ချဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် ဇူလိုင် ၂၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

**မိုး/ဇလ**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေး/ကျောင်းပြင်ပ အလယ်တန်းပညာရေး လုပ်ငန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



ရန်ကုန် ဇူလိုင် ၂၂

ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေး/ ကျောင်းပြင်ပ အလယ်တန်းပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းပြင်ပ မူလတန်းပညာရေး/အလယ်တန်း ပညာရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ အလှူရှင်များ၊ ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းပြင်ပ ပညာရေးသည် အကြောင်းအမျိုးမျိုး ကြောင့် ကျောင်းပညာရေးသင်ယူခွင့်ရရှိရန် အခက် အခဲရှိသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ရန်အတွက် အခြေအနေနှင့်လိုက်လျောညီထွေစွာ စီစဉ်ဆောင်ရွက်ပေးရာတွင် တာဝန်ရှိသူများနှင့် စေတနာရှင်များ၏ အကူအညီဖြင့် သတ်မှတ် လျာထားသည့် ကာလတစ်ခုအတွင်း ရည်ရွယ်ချက် ပြည့်အောင် ပို့ချပေးသည့် ပညာရေးစနစ်ဖြစ် ကြောင်းနှင့် ကျောင်းပြင်ပမူလတန်းပညာရေး/ အလယ်တန်းပညာရေးအစီအစဉ်တွင် ကူညီပံ့ပိုးပေး သည့် အဖွဲ့အစည်းများနှင့် စိတ်အားထက်သန်စွာ ပါဝင်လှူဒါန်းကြသည့် ပညာရေးစေတနာရှင် အလှူရှင်များကို များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က အမှာစကားပြောကြားပြီး စာအုပ်နှင့်စာရေးကိရိယာ များပေးအပ်ရာ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူ ကာ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်က ကျောင်းပြင်ပမူလတန်း/ ကျောင်းပြင်ပအလယ်တန်းကိစ္စ ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးက ခရိုင်အုပ်ချုပ်ရေးမှူးများအား ခရိုင်ကြီးကြပ် မှုကော်မတီဥက္ကဋ္ဌ တာဝန်ပေးခန့်အပ်လွှာများ ပေးအပ်ခဲ့ပြီး အလှူရှင်များက အလှူငွေများ ပေးအပ် ရာ တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် သင်တန်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက "ကလေးများ အတွက်ဒီနေ့" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ဖျော်ဖြေရေးအဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# နိုင်ငံခြားသုံးငွေနှင့်စပ်လျဉ်း၍ မူဝါဒအရ ဆက်စပ်လျက်ရှိသော ကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံခြားသုံးငွေနှင့်စပ်လျဉ်း၍ မူဝါဒအရ ဆက်စပ်လျက်ရှိသော ကိစ္စရပ်များဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ တော်ဗဟိုဘဏ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပို့ကုန်ရငွေဝင်ရောက်မှုအပေါ် မူတည်၍ သွင်းကုန်လိုင်စင်ချပေးသည့်ကိစ္စရပ်များ၊ တန်ဖိုးမြင့်ကုန်စည်များနှင့်စပ်လျဉ်း၍ ထောက်ခံ ချက်ထုတ်ပေးလျက်ရှိသည့် ကိစ္စရပ်များနှင့် ပို့ကုန် ဝင်ရောက်မှုအပေါ် အခက်အခဲမရှိစေရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံ တော်ဗဟိုဘဏ်မှ သိရသည်။

**သတင်းစဉ်**

# (၁၇)ကြိမ်မြောက် အာဆီယံငါးလုပ်ငန်းအတိုင်ပင်ခံဖိုရမ် ကျင်းပ



နေပြည်တော် ဇူလိုင် ၂၂

(၁၇)ကြိမ်မြောက် အာဆီယံ ငါးလုပ်ငန်း အတိုင်ပင်ခံဖိုရမ်နှင့် (၃၃)ကြိမ်မြောက် အာဆီယံ ငါးလုပ်ငန်းဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျ လက်ခံကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်းက (၁၇)ကြိမ်မြောက် အာဆီယံငါးလုပ်ငန်း အတိုင်ပင်ခံ ဖိုရမ် (The 17th Meeting of the ASEAN Fisheries Consultative Forum) ကို ရန်ကုန်မြို့ Summit Parkview ဟိုတယ် Ball room ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မလေး ရှားနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ Mr. Nazri Bin Ishak နှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးမြင့်ဇင်ထူးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဖိုရမ်ကို ဆက်လက် ကျင်းပရာ သဘာပတိအဖြစ် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးမြင့်ဇင်ထူးနှင့် ပူးတွဲသဘာပတိအဖြစ် ဖိလစ်ပိုင် နိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ Ms. Maria Abegail Albaladejo တို့က ဆောင်ရွက်ကြသည်။

အာဆီယံ ဒေသအတွင်း ငါးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ကို အထောက်အကူပြုရန် ရည်ရွယ်ပြီး အာဆီယံဒေသတွင်း နိုင်ငံများ၏ ငါးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေး ညှိနှိုင်းသည့် အာဆီယံငါးလုပ်ငန်း အတိုင်ပင်ခံဖိုရမ်ကို ပြုလုပ်ရခြင်း ဖြစ်ကြောင်း သိရသည်။

ဖိုရမ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ များအနေဖြင့် ငါးဖမ်းစွမ်းအား ထိန်းချုပ်ခြင်းနှင့် ဇုန်စနစ်ဖြင့် သတ်မှတ်ဆောင်ရွက်ခြင်း၊ ရေရှည် တည်တံ့သော အသေးစားငါး လုပ်ငန်းများ ဖြစ်ပေါ်လာရေး၊ ငါးသယံဇာတ ပြန်လည်တိုးပွား ရေးအတွက် မြှင့်တင်ဆောင်ရွက် ခြင်း၊ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေး လုပ်ငန်းအပေါ် ရာသီဥတုပြောင်းလဲ ခြင်း၏ အကျိုးသက်ရောက်မှု၊ တရားမဝင် ငါးဖမ်းဆီးမှုများ တိုက်ဖျက်ခြင်းနှင့် ရေထွက်ကုန် များ နောက်ကြောင်းခြေရာခံသည့် စနစ် ဆောင်ရွက်ခြင်း စသည့် ကိစ္စရပ်များကို ဆွေးနွေးကြမည် ဖြစ်သည်။

အဆိုပါ ဆွေးနွေးချက်ရလဒ် များကို ဇူလိုင် ၂၃ ရက်မှ ၂၅ ရက် အထိ ကျင်းပမည့် အာဆီယံဒေသ တွင်း ငါးလုပ်ငန်းပူးပေါင်းဆောင် ရွက်မှုအဖွဲ့ အစည်းအဝေးတွင် ဆွေးနွေး တင်ပြသွားမည်ဖြစ် သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံ များဖြစ်သော ဘရူနိုင်း၊ ကမ္ဘော ဒီးယား၊ လာအို၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူး ရုံးမှ ကိုယ်စားလှယ်များ၊ SEAFDEC နှင့် ငါးလုပ်ငန်းမိတ်ဖက်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး စင်ကာပူနိုင်ငံ ကိုယ်စားလှယ်များက အွန်လိုင်း ဖြင့် တက်ရောက်ကြကြောင်း သိရ သည်။

**သတင်းစဉ်**



# ထားဝယ်မြို့၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြော

ထားဝယ် ဇူလိုင် ၂၂

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် သစ်တောဦးစီးဌာန နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း(ICM) ပထမငါးနှစ်စီမံချက်အရ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ထားဝယ်မြို့နယ်သစ်တောဦးစီးဌာန ဦးစီး အရာရှိ ဦးရဲဝင်းအောင်က မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေး နည်းလမ်းများ၊ Fire Hotspot များနှင့် သစ်တောများထိန်းသိမ်းခြင်း အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောကာ သစ်ပင်စိုက်ပျိုးမှု လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# လူငယ်တို့၏ ဘဝလမ်းကြောင်း မတိမ်းစောင်းဖို့ မိဘနှင့် ဆရာ ဆရာမများ ပူးပေါင်းထိန်းကျောင်းစို့

**ဦးကျော်ညွန့်(ရေနံချောင်း)**

ကျောက်သွေးသူသည် သဘာဝကျောက်ရိုင်းတုံးများကို သွေးပေးရ၏။ ကျောက်ရိုင်းတုံးများကို သွေးပေးလိုက်ပါက တောက်ပြောင်လာသည်။ အရည်အသွေး ပေါ်လာသည်။

ကျောက်၏တန်ဖိုးသည် အရည်အသွေး တောက်ပြောင်မှုအပေါ် မူတည်နေသည်။ အရည်အသွေးမတောက်ပြောင်ဘဲ မှေးမှိန်နေပါက တန်ဖိုးနည်းပါးသည်။ ကျောက်သွေးမကျွမ်းကျင်သူ၏ လက်ဝယ်တွင်ရှိသော သဘာဝကျောက်ရိုင်းတုံးများသည် အချည်းနှီးဖြစ်ရရှာသည်။ နှမြောစရာကောင်းလှပါသည်။ လက်ဝယ်ရှိ ကျောက်ရိုင်းတုံးများကို အရည်အသွေး တောက်ပြောင်လာအောင် သွေးကြရသည်။ ကျောက်သွေးသူ ကျွမ်းကျင်လေလေ ကျောက်ရိုင်းတုံးများ၏ အရည်အသွေးက တောက်ပြောင်လေလေဖြစ်သည်။ အရည်အသွေး တောက်ပြောင်လေလေ တန်ဖိုးကြီးမြင့်လေလေ ဖြစ်ပါသည်။

**ကိုယ်ရည်ကိုယ်သွေး တောက်ပြောင်လာအောင် သွေးပေးနေခြင်းဖြစ်**

ယနေ့ ကျောင်းနေအရွယ်ကလေးတို့သည် ကျောက်ရိုင်းတုံးလေးများနှင့်တူလှ၏။ ထိုကျောက်ရိုင်းတုံးလေးများကို လက်ဝယ်ပိုင်ပိုင်ရှိနေကြသူများသည် မိဘများဖြစ်ကြ၏။ မိဘတို့သည် ကျောက်ရိုင်းတုံးလေးများနှင့်တူလှသော ရင်နှစ်သည်းချာ သားသမီးရတနာများကို အရည်အသွေး တောက်ပြောင်လာအောင် သွေးပေးကြရပေမည်။ ကျောက်ရိုင်းတုံးလေးများကို မသွေးဘဲပစ်ထားပါက အလဟဿဖြစ်ရသကဲ့သို့ သားသမီးများကို မသွေးဘဲထားပါကလည်း အလဟဿဖြစ်ချေမည်။ မိဘတို့က သားသမီးများကို ပြုစုပျိုးထောင်မွေးမြူပေးနေခြင်းသည် သားသမီးတို့၏ ကိုယ်ရည်ကိုယ်သွေးတောက်ပြောင်လာအောင် သွေးပေးနေခြင်းဖြစ်ပါသည်။

မိဘတိုင်းသည် မိမိတို့၏ ရင်နှစ်သည်းချာ သားသမီးများကို **"လိမ္မာယဉ်ကျေးသူ၊ စာရိတ္တကောင်းမွန်သူ၊ အားကိုးအားထားပြုရသူ၊ ကျန်းမာကြံ့ခိုင်သူ၊ ထူးချွန်ထက်မြက်သူ"** စသည်ဖြင့် လူကောင်းလူတော်များ ဖြစ်စေချင်ကြသည်။ ထိုသို့ဖြစ်ပေါ်လာအောင် ပြုစုပျိုးထောင်မွေးမြူပေးရမည့်



တာဝန်ဝတ္တရားကလည်း မိဘတိုင်းတွင်ရှိပါသည်။ မိဘတိုင်းတွင်ရှိသော တာဝန်ဝတ္တရားများကို သင်္ဂဇာဆရာတော်ကြီးက **"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"**ဟူ၍ အနှစ်ချုပ်ပြီး မိန့်ကြားခဲ့ပါသည်။ မိဘတို့၏ဝတ္တရားငါးပါးကို မိဘတိုင်းက ကျေပွန်ကြရပေမည်။

မိဘတို့သည် မိဘတာဝန်ဝတ္တရားများကို သားသမီးတို့၏ အရွယ်လိုက်ပြီး ကျေပွန်အောင် ဆောင်ရွက်ကြရမည်သာဖြစ်ပါသည်။ သားသမီးတို့ကို **"မွေးကင်းစမှ ငါးနှစ်အတွင်းကို ကျောင်းမနေမီအရွယ်၊ ငါးနှစ်မှ တက္ကသိုလ်ပညာသင်ယူပြီးမြောက်သည်အထိကို ကျောင်းနေအရွယ်၊ အတန်းပညာသင်ယူပြီးမြောက် လူလားမြောက်သည်မှစပြီး ကျောင်းနေလွန်အရွယ်"**ဟူ၍ အရွယ်သုံးမျိုး ခွဲနိုင်ပါသည်။ ကျောင်းမနေမီအရွယ်နှင့် ကျောင်းနေအရွယ်သည် မိဘတို့၏ ထိန်းကျောင်းမှုအောက်တွင် ရှိနေသည်။ ထိုအရွယ်နှစ်မျိုးတွင် မိဘတို့၏တာဝန်ဝတ္တရားငါးပါးထဲမှ **"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ"**ဟူသော ဝတ္တရားသုံးပါးကို ရှေးဦးကျေပွန်အောင် ဆောင်ရွက်ကြရပေမည်။

**သွန်သင်ညွှန်ပြ ဆိုဆုံးမ**

မိဘတို့သည် သားသမီးများကို မွေးကင်းစမှ အရွယ်ရောက်သည်အထိ ကာယနှင့် ဉာဏဖွံ့ဖြိုးအောင် ပြုစုစောင့်ရှောက်မွေးမြူကြရသည်။ ကောင်းသောအစားကောင်းများကို ကျွေးပြီး ကောင်းသောအဝတ်ကောင်းများကို ဝတ်ဆင်ပေးသည်။ ကောင်းသော အကျင့်ကောင်းများကို လေ့ကျင့်ပေးကြသည်။ မကောင်းမှုဟူသမျှကို မကျူးလွန်မိအောင် တားမြစ်သည်။ ကောင်းသောအပြုအမူ၊ ကောင်းသောအပြောအဆို၊ ကောင်းသောအကြံ၊ ကောင်းသောစရိုက်လက္ခဏာများကို သွန်သင်ညွှန်ပြ ဆိုဆုံးမကြသည်။ ကောင်းသောအလေ့အကျင့်များကို လေ့ကျင့်ပေးနေခြင်းဖြစ်ပါသည်။ ထိုသို့ ပြုစုစောင့်ရှောက်လေ့ကျင့်မွေးမြူပေးနေသော မိမိတို့၏သားသမီးများသည် မိဘတို့လိုလားတောင့်တမျှော်မှန်းသော သားရတနာ၊ သမီးရတနာများ ဖြစ်လာကြပေသည်။

ကျောင်းမနေမီအရွယ်ကတည်းက အလေ့အကျင့်သည် သားသမီးတို့၏ရင်ထဲတွင် စွဲမြဲသန္ဓေတည်လာသည်။ ထိုသန္ဓေသည် အလိုလိုစွဲတည်လာခြင်းမဟုတ်ပေ။ မိဘတို့က တည်ပေးလိုက်သော သန္ဓေသာဖြစ်ပါသည်။ မိဘများက ကောင်းသောသန္ဓေကို တည်ပေးလိုက်လျှင် ကောင်းသောသန္ဓေစွဲတည်နေမည်ဖြစ်ပြီး မိဘများက မကောင်းသောသန္ဓေကို တည်ပေးလိုက်လျှင် မကောင်းသောသန္ဓေစွဲတည်နေမည်ဖြစ်ပါသည်။

အချို့မိဘတို့သည် အကဲပိုလှ၏။ သားသမီးတို့ဆိုသမျှ အလိုကျဖြစ်စေသည်။ အကျိုးသင့်၊ အကြောင်းသင့်ပြောပြပြီး တားမြစ်ရမည်ကို မတားမြစ်၊ ထိန်းကျောင်းပေးရမည်ကို ထိန်းကျောင်းမပေး၊ တည့်မတ်ပေးရမည်ကို တည့်မတ်မပေး၊ ပဲ့ပြင်ရမည်ကို မပဲ့ပြင်၊ သွန်သင်ရမည်ကို မသွန်သင်၊ ဆုံးမရမည်ကို မဆုံးမဘဲ လိုက်လျောထားသည်။ ဘာမဆိုအလိုကျ လိုက်လျောထားခြင်းသည် ကောင်းသောအလေ့အကျင့်မဟုတ်ပေ။ အလေ့အကျင့်ဆိုးဖြစ်ပါသည်။ ထိုအလေ့အကျင့်ဆိုးသည် သားသမီးတို့ရင်ထဲ သန္ဓေစွဲတည်နေမည်ဖြစ်သည်။ ထိုသန္ဓေဆိုးပေါက်ဖွားလာပါက မိဘတို့ လိုလားတောင့်တမျှော်မှန်းထားသော သားကောင်းသားမွန်၊ သမီးကောင်းသမီးမွန်များဖြစ်မလာဘဲ သားဆိုးသားမိုက်၊ သမီးဆိုးသမီးမိုက်များ ဖြစ်လာပေမည်။

သားဆိုးသားမိုက်၊ သမီးဆိုးသမီးမိုက်တို့သည် မိသားစုကို ကောင်းကျိုးမပေးဘဲ ပတ်ဝန်းကျင်နှင့် အများပြည်သူကိုပါ ဒုက္ခပေးနေတော့သည်။ ထိုမျှနှင့် အားမရ၊ မိဘကို ရန်ပြုသည်အထိ လက်ရဲဇက်ရဲဖြစ်လာတတ်သည်။ ထိုသောအခါမှ မိဘတို့သည် သားသမီးများ ငယ်စဉ်အရွယ်တွင် မသွန်သင်၊ မညွှန်ပြ၊ မဆုံးမခဲ့သည်ကို နောင်တရတတ်ကြသည်။ ထိုနောင်တမျိုးကို မရစေချင်သော မန်လည်ဆရာတော်ကြီးက **"သားကို ငယ်က၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်၏"**ဟု သတိပေးထားပါသည်။

ထိုသတိပေးဆုံးမစာလင်္ကာကို မိဘတိုင်း သတိမူကြရပေမည်။ သတိမမူခဲ့လျှင် "နားရွက်ဖြတ်ခံရသည့်မိခင်" ကဲ့သို့ အဖြစ်ဆိုးနှင့်ကြုံတွေ့ရမည်မှာ သေချာသည်။ သားဆိုးသမီးဆိုးတို့၏ မိဘတို့သည် လူပုံအလယ်တွင် ခေါင်းမဖော်ရဲကြပေ။ မျက်နှာပျက် အရှက်ကွဲနေကြရရှာသည်။ **"သားသမီး မကောင်း မိဘခေါင်း"** မဟုတ်ပါလော။

**ပညာအခြေခံကောင်းများကိုသင်ကြား**

မိဘတို့၏ သားသမီးတို့သည် အသက်ငါးနှစ်ပြည့်၍ ကျောင်းနေအရွယ်ရောက်သည်နှင့် အခြေခံပညာကျောင်းတော်များရှိ အခြေခံပညာသင် ဆရာ ဆရာမများထံသို့ အပ်နှံကြသည်။ အခြေခံပညာသင်ကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော အခြေခံပညာ ဆရာ ဆရာမများသည် ပညာအခြေခံကောင်းများကို သင်ကြားလေ့ကျင့်ပေးနေကြသည်။ ဆရာ ဆရာမတို့သည် မိဘများကဲ့သို့ပင် ကျောက်ရိုင်းတုံးကလေးများကို အရည်အသွေး တောက်ပြောင်လာအောင် သွေးပေးနေကြသူများ ဖြစ်ကြပါသည်။ **စာမျက်နှာ ၇ သို့**

**မိဘနှင့် ဆရာ ဆရာမတို့၏ ပူးပေါင်းဆောင်ရွက်မှုအင်အားသည် ကျောင်းနေအရွယ်ကလေးများအား "ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ" တည်းဟူသော ဗလငါးတန်ကို ဖြည့်တင်းပေးနေခြင်းဖြစ်သည်။ "အခြေခံပညာကျောင်း"များသည် "ပညာအခြေခံကောင်း"များကိုသာမက ဗလငါးတန် အခြေခံကောင်းများကိုပါ သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ပါသည်။ မိဘနှင့် ဆရာ ဆရာမများ ပူးပေါင်းလက်တွဲမှု အားကောင်းလေလေ ရင်သွေးရတနာတို့၏ ဗလငါးတန်ဖွံ့ဖြိုးမှု အားကောင်းလေလေဖြစ်မည်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ရာသီပြည့် သီးနှံများစိုက်ပျိုးရေးနှင့် သွင်းအားစုများပေးအပ်ပွဲ တက်ရောက်



**နေပြည်တော် ဇူလိုင် ၂၂**

နေပြည်တော် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေး အတွက် ရန်အောင်မြင်ဆည် စိမ်းလန်းမြေနေရာ၌ နေပြည်တော်စည်ပင်သာယာရေးကော်မတီက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စင်ကာပူချယ်ရီပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက စိန်ပန်း၊ ငု၊ ပျဉ်းမ၊ စင်ကာပူချယ်ရီပင်၊ သပြေဘူတ၊ စိန်ပန်းပု၊ နှယ်သာဂီ၊ စက္ကူ၊ ကြံ့စာ အပါအဝင် ပျိုးပင်ပေါင်း ၇၀၅၉ ပင် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် ရေဆင်းအခြေခံပညာ အထက်တန်း ကျောင်းသို့ သွားရောက်ပြီး သဘာဝဘေး အသိပညာပေး ဟောပြောပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားကာ ကျောင်းသား ကျောင်းသူများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ပင်လောင်းလမ်းဘေးကွင်းအမှတ် (၁၆၂၃/က) သို့ သွားရောက်ပြီး မိုး၊ ဆောင်း၊ နွေ ရာသီပြည့် သီးနှံစိုက်ပျိုးရေးအတွက် တောင်သူများနှင့်တွေ့ဆုံခြင်း၊ ၂၀၂၅-၂၀၂၆ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအစီအစဉ်ဖြင့် စိုက်ပျိုးမည့် တောင်သူများ သွင်းအားစုများပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားကာ အောင်နိုင်တိုး မျိုးစပါးများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက မျိုးစေ့ချကိရိယာများကို လည်းကောင်း တောင်သူများထံ ပေးအပ်ကြ၍ မျိုးစေ့ချကိရိယာဖြင့် အောင်နိုင်တိုးစပါးများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ရာဇဌာနီလမ်းမကြီး၊ ရာဇသင်္ဂဟလမ်းမကြီးနှင့် တော်ဝင်ရတနာ လမ်းမကြီးတို့သို့သွားရောက်၍ လျှပ်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် Regulating Course Mix Design ခင်းကျင်းဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ ဥတ္တရသီရိရေလှောင်တမံ၌ စက်ယန္တရားကြီးများဖြင့် ယာယီရေတားတမံရှိ ဖို့မြေများ ဖယ်ရှားခြင်း၊ ရေတားတမံမြေသားညှိခြင်း ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **ထွန်းလင်း(ဇေယျာမြေ)**

---

❒ စာမျက်နှာ ၆ မှ

သူတို့ ရင်ခွင်အောက်ရောက်လာကြသော မိဘတို့၏ သားသမီးများကို မိဘများကဲ့သို့ပင် မြတ်မြတ်နိုးနိုး တန်ဖိုးထားသည်။ ရင်ဝယ်လွယ်ဖွား မွေးသည့်သားကဲ့သို့ တယုတယ ပြုစုစောင့်ရှောက်ကြသည်။

ဆရာ ဆရာမတို့ကလည်း မိဘတို့၏သားသမီးများဖြစ်ကြသည့် မိမိ၏တပည့်များကို **"လိမ္မာယဉ်ကျေးသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ အားကိုးအားထားပြုရသူ၊ ကျန်းမာကြံ့ခိုင်သူ၊ ထူးချွန်ထက်မြက်သူ"** စသည်ဖြင့် လူကောင်းလူတော်များ ဖြစ်စေချင်ကြပါသည်။ ထို့ကြောင့် ဆရာ ဆရာမများက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ"**ကို တစ်သဝေမတိမ်း ဦးထိပ်ပန်ဆင်ထားကြပါသည်။

မိဘတို့၏ သားသမီးများဖြစ်ကြသည့် ဆရာ ဆရာမတို့၏ တပည့်အပေါင်းတို့ကို ကန်တော်မင်ကျောင်းဆရာတော်ကြီးက **"မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့၊ ပေါ်လွင်မပြု၊ ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း"**ဟူ၍ ပျို့လင်္ကာဖြင့် ဆိုဆုံးမထားခဲ့ပါသည်။ ဆုံးမစာအတိုင်း ကောင်းကျိုးတည်အောင် ကြိုးပမ်းကြရမည့်သူများမှာ မိဘတို့၏ သားသမီးများဖြစ်ကြသည့်၊ ဆရာ ဆရာမတို့၏ တပည့်များ ကိုယ်တိုင် ဖြစ်ကြပါသည်။ သို့မှသာ ကောင်းကျိုးတည်မည်ဖြစ်ပါသည်။ သို့ရာတွင် လက်ဦးဆရာ ဟူသည့် မိဘများနှင့် ဒုတိယမိဘများဟူသည့် ဆရာ ဆရာမတို့၏ အခန်းကဏ္ဍက အရေးကြီးလှပေသည်။ သားသမီးတပည့်များကို ကောင်းကျိုးတည်အောင် ကောင်းကျိုးသန္ဓေတည်ပေးကြရာတွင် အဓိကအခရာမှာ မိဘဆရာတို့ပင် မဟုတ်ပါလော။

> **မိဘ ဆရာ ပူးပေါင်းမှုအားမကောင်းလျှင် လူငယ်လူရွယ်တို့၏ ဘဝလမ်းကြောင်းသည် အခြေမခိုင်ဘဲ ယိမ်းယိုင်တိမ်းစောင်းသွားပေမည်။ "မျဉ်းလွတ်လျှင်ကိုင်း၊ ဆရာလွတ်လျှင်ရိုင်း" ဆိုရိုးစကားကဲ့သို့ ဖြစ်ရပေသည်။ လက်ဦးဆရာဖြစ်သော မိဘနှင့် အခြေခံပညာသင်ဆရာ ဆရာမတို့၏ ဆုံးမ၊ ပဲ့ပြင်၊ သွန်သင်၊ ညွှန်ပြသည်များကို မနာယူ၊ မနာခံ၊ မလိုက်နာကြသော တပည့်များသည် ဆရာလွတ်နေကြသူများဖြစ်ပေသည်။ ထိုသူများသည် အကောင်းနှင့် အဆိုး၊ အကျိုးနှင့် အပြစ်ကို ခွဲခြားမသိမြင်နိုင်ကြပေ။ မနှစ်မြို့စရာအမူအကျင့်များကို ခံမင်ကာ မိုက်မဲရိုင်းစိုင်းသူများဖြစ်လာ**

## အချိုးညီညီ ပူးပေါင်းဖွဲ့စည်းထားသည့် "မိဘဆရာအသင်း"

မိဘနှင့် ဆရာဆရာမတို့က လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျှင် **"မိကောင်းဖခင် သားသမီးများ"** ဖြစ်ပေါ်လာမည်ဖြစ်သကဲ့သို့ **"ဆရာကောင်း တပည့် ပန်းကောင်းပန်သူများ"** ဖြစ်ပေါ်လာမည်မှာ မလွဲပေ။ ထိုသို့သော သားသမီးများ၊ တပည့်များ ဖြစ်ပေါ်လာစေရန်အတွက် အခြေခံပညာကျောင်းတိုင်းတွင် ကျောင်းသား ကျောင်းသူတို့၏ မိဘများနှင့် ကျောင်းသား ကျောင်းသူတို့၏ ဆရာ ဆရာမများကို အချိုးညီညီ ပူးပေါင်းဖွဲ့စည်းထားသည့် **"မိဘဆရာအသင်း"** ရှိပေသည်။ မိဘဆရာအသင်းကို မိဘတို့၏ သားသမီးများဖြစ်ကြပြီး ဆရာ ဆရာမတို့၏ တပည့်များဖြစ်ကြသည့် "ကျောင်းသား **ကျောင်းသူတို့၏ ပညာရည်မြင့်မားအောင် ပူးပေါင်းဆောင်ရွက်ရန်"** ဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ မိဘဆရာအသင်း၏ **"မိဘဆရာပူးပေါင်း၊ ကလေးပညာကောင်း"**ဟူသော ဆောင်ပုဒ်သည် ကျောင်းသား ကျောင်းသူများအား ပညာရည်မြင့်မားအောင် သင်ကြားလေ့ကျင့်ပေးရာတွင် မိဘနှင့် ဆရာ ဆရာမတို့က လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရမည်ကို မီးမောင်းထိုးပြထားခြင်းဖြစ်ပါသည်။

## ဗလငါးတန်ကို ဖြည့်တင်းပေး

မိဘနှင့် ဆရာ ဆရာမတို့၏ ပူးပေါင်းဆောင်ရွက်မှုအင်အားသည် ကျောင်းနေအရွယ်ကလေးများအား **"ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ"** တည်းဟူသော ဗလငါးတန်ကို ဖြည့်တင်းပေးနေခြင်းဖြစ်သည်။ **"အခြေခံပညာကျောင်း"**များသည် **"ပညာအခြေခံကောင်း"**များကိုသာမက ဗလငါးတန် အခြေခံကောင်းများကိုပါ သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ပါသည်။ မိဘနှင့် ဆရာ ဆရာမများ ပူးပေါင်းလက်တွဲမှုအားကောင်းလေလေ ရင်သွေးရတနာတို့၏ ဗလငါးတန်ဖွံ့ဖြိုးမှုအားကောင်းလေလေဖြစ်မည်ကို သတိမူအပ်ပေသည်။

ယနေ့မျက်မှောက်ကာလတွင် တိုင်းတစ်ပါးများမှ ကူးစက်လာသည့် မတူညီသောယဉ်ကျေးမှု၊ ခေလ့ေထုံးတမ်းစဉ်လာ၊ စရိုက်လက္ခဏာများ ဝင်လာနေသည်။ မိမိတို့ မြန်မာ့ရိုးရာ စရိုက်လက္ခဏာများနှင့် သွေဖည်ဆန့်ကျင်သည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာ၊ စရိုက်လက္ခဏာများဖြစ်ပါသည်။ ထိုစရိုက်လက္ခဏာများ ထိုးဖောက်ဝင်ရောက်လာမှုကြောင့် အချို့က အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားနည်းလာကြသည်။ အချို့ အနည်းငယ်သော အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားနည်းသူများကြောင့် လူကြီးနှင့် လူငယ်ဆက်ဆံရေး၊ မိဘနှင့် သားသမီးဆက်ဆံရေး၊ မိဘနှင့် ဆရာ ဆရာမ ဆက်ဆံရေး၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူဆက်ဆံရေးက လက်ပွန်းတတီးဖြစ်ရမည့်အစား မလိုလားအပ်သည့် အဖုအထစ်များဖြစ်လာသည်။ မိဘ ဆရာ ပူးပေါင်းမှု လျော့ရဲအားနည်းလာရခြင်း၏ အဓိကအကြောင်းရင်း ဖြစ်ပါသည်။

မိဘ ဆရာ ပူးပေါင်းမှု အားမကောင်းလျှင် လူငယ်လူရွယ်တို့၏ ဘဝလမ်းကြောင်းသည် အခြေမခိုင်ဘဲ ယိမ်းယိုင်တိမ်းစောင်းသွားပေမည်။ **"မျဉ်းလွတ်လျှင်ကိုင်း၊ ဆရာလွတ်လျှင်ရိုင်း"** ဆိုရိုးစကားကဲ့သို့ဖြစ်ရပေသည်။ လက်ဦးဆရာဖြစ်သော မိဘနှင့် အခြေခံပညာသင်ဆရာ ဆရာမတို့၏ ဆုံးမ၊ ပဲ့ပြင်၊ သွန်သင်၊ ညွှန်ပြသည်များကို မနာယူ၊ မနာခံ၊ မလိုက်နာကြသော တပည့်များသည် ဆရာလွတ်နေကြသူများဖြစ်ပေသည်။ ထိုသူများသည် အကောင်းနှင့် အဆိုး၊ အကျိုးနှင့် အပြစ်ကို ခွဲခြားမသိမြင်နိုင်ကြပေ။ မနှစ်မြို့စရာအမူအကျင့်များကို ခံမင်ကာ မိုက်မဲရိုင်းစိုင်းသူများ ဖြစ်လာကြသည်။

အခြေခံပညာကျောင်းများသည် **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"**ဆိုသည့်ဆောင်ပုဒ်အတိုင်း အမိနိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရမည် ဖြစ်ပေသည်။ ယနေ့ကျွန်တော်တို့နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတည်ငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့မြင်ကြရမည်ဖြစ်ပေသည်။ အတန်းပညာ တတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှု အားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပါသည်။ ထိုအကြမ်းဖက်ဖြစ်စဉ်များကြောင့် ဒေသခံနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာပါသည်။

## မိဘတို့၏အားကိုယူကာ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၅ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းစုံညီခန်းမ၌ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ **"ဆရာ ဆရာမများအနေဖြင့် မိမိတို့ သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးရမည်ဖြစ်ကြောင်း၊ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ် စည်းကမ်းကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရန် ဆရာ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း"** မှာကြားခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆရာ ဆရာမများအနေဖြင့် မိဘတို့၏အားကိုယူကာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**"သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်း"**ပေါ်သို့ ရောက်လာမည်ကို မိဘတိုင်း၊ ဆရာ ဆရာမတိုင်း သတိမူသင့်လှပေသည်။ မိဘနှင့် ဆရာ ဆရာမများ ပူးပေါင်းပြီး လက်တွဲညီညီ ရှေ့သို့ချီမှသာ လူငယ်မောင်မယ်တို့၏ အနာဂတ်ဘဝလမ်း ဖြောင့်တန်းနေမည်ဖြစ်ပါသည်။ လူငယ်မောင်မယ်အပေါင်းတို့၏ ဘဝလမ်းကြောင်း မတိမ်းစောင်းအောင် ထိန်းကျောင်းပေးကြရမည့်သူများသည်ကား မိဘနှင့် ဆရာ ဆရာမများပင်မဟုတ်ပါလား။ ။

# မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်းလက်တွေ့သရုပ်ပြမှုများသည် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အသိပညာပေးနိုင်သကဲ့သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဆောင်ရွက်ရမည့် ရွေးကောက်ပွဲကျင်းပခြင်းနှင့် သက်ဆိုင်သော လူ့အခွင့်အရေးကဏ္ဍများအတွက် များစွာအထောက်အပံ့ဖြစ်စေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် တာဝန်ရှိသူများက နိုင်ငံတော်၏ ရွေးကောက်ပွဲများဆောင်ရွက်ခဲ့မှုနှင့် ကျင်းပမည့် ရွေးကောက်ပွဲအတွက် သိမှတ်ဖွယ်ရာများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြု၍ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း အစီအစဉ်ဆောင်ရွက်ရခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ မဲပေးခြင်းပုံစံအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများသည် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



# ကလေးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ

ကလေး ဇူလိုင် ၂၂

စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့တွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။



ဦးစွာ ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချို က မဲရုံများတွင် တာဝန်ထမ်းဆောင်၍ မဲပေးစက်ကိုင်တွယ်ကြမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ကျွမ်းကျင်သည်အထိ ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း ပြောကြားခဲ့ပြီး ကလေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည့်ဖြိုးထွန်းက မဲပေးစက်အသုံးပြုနည်းဆိုင်ရာနှင့် သင်တန်းဖွင့်လှစ်ဆောင်ရွက်မှုဆိုင်ရာများကို ပြောကြားခဲ့သည်။ ဆက်လက်၍ နည်းပညာအထောက်အကူပြု အဖွဲ့များ၊ နည်းပြဆရာများက လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ခဲ့ကြပြီး သင်တန်းသား သင်တန်းသူများအား စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြသည်။

အဆိုပါ ဆင့်ပွားသင်တန်းကို ဇူလိုင် ၂၂ရက်မှ ၃၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# ကျိုက်မရောမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်



ကျိုက်မရော ဇူလိုင် ၂၂

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ဇူလိုင် ၂၁ ရက်နံနက်ပိုင်းက အထက(ကျိုက်မရော) ပညာ့အားမာန်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက စက်ကိုင်တွယ်အသုံးပြုခြင်းနှင့် မဲပေးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၂၁ ရက်မှ ၂၆ ရက်အထိ သင်တန်းနည်းပြ ကိုးဦးတို့က သင်တန်းသား သင်တန်းသူ ၃၇၉ တို့အား လေးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကျိုက်မရော(ပြန်/ဆက်)

# ဆီဆိုင်မြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားမိဘပြည်သူများအား UID ဆောင်ရွက်ပေး

ဆီဆိုင် ဇူလိုင် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဆီဆိုင်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားမိဘပြည်သူများအား UID (Unique Identity)များကို အဆိုပါရုံး၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ကျော်ရန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူး ဦးထွန်းမြင့်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက UID များကို အငြိမ်းစားမိဘပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# မိုင်းရယ်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်

မိုင်းရယ် ဇူလိုင် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့တွင် MEVM(မြန်မာအီလက်ထရောနစ်မဲပေးစက်) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့က နမ့်ရယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်က မဲရုံအသီးသီးတွင် မဲရုံမှူးတာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဆင့်ပွားသင်တန်းကို မပျက်မကွက်တက်ရောက်၍ နည်းစနစ်တကျ သင်ကြားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်နှင်းနှင်းအောင်က မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆင့်ပွားသင်တန်းပို့ချခြင်းကို ဆက်လက်ဆောင်ရွက်ရာ ပထမအသုတ် ဆရာ ဆရာမများ တက်ရောက်ကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဝန်ထမ်းများက မဲပေးစက်အသုံးပြုခြင်းဆိုင်ရာများကို သင်ကြားပို့ချသည်။

မိုင်းရယ်မြို့နယ်တွင် မှတ်ပုံတင်ထားသည့် ပါတီ သုံးပါတီရှိပြီး မဲရုံ ၂၉ ရုံဖြင့် ရွေးကောက်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# စစ်တောင်းမြစ်နှင့် ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့သုံးလက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

# ယာယီနေရပ်စွန့်ခွာရာမှ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ထုတ်ပေးလျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၂**

နောင်ချိုမြို့အား တပ်မတော်မှ အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ယာယီနေရပ်စွန့်ခွာနေကြသည့် နောင်ချိုမြို့မှ ဒေသခံ တိုင်းရင်းသားပြည်သူများသည် ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြရာ ၎င်းတို့ ယာယီနေရပ်စွန့်ခွာစဉ် ပျောက်ဆုံး၊ ပျက်စီးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဇူလိုင် ၂၁ ရက်မှစ၍ နောင်ချိုမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ယင်းသို့ ကွင်းဆင်းဆောင်ရွက်ပေးရာ၌ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသူများ အနက် ဒေသခံပြည်သူ ၆၀ ကို လိုအပ်သော စာရွက်စာတမ်းများနှင့် ကိုယ်ရေး အချက်အလက်များ ဖြည့်သွင်း ဆောင်ရွက်ကာ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက် ထုတ်ပေးခဲ့ကြောင်းနှင့် ယင်းလုပ်ငန်းစဉ်ကို ဒေသခံပြည်သူများအတွက် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၂**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ဆောင်ရွက်ကာ ပြန်လည် ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထုလုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်က နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ပြီးလျှင်ပြီးချင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ ပထမဆုံးလမ်းညွှန်မှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါ်များစေရန် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့ကြောင့် နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးမှုနှင့်အတူ ဒေသခံတိုင်းရင်းသား မိဘပြည်သူများ၏ ပူးပေါင်းပါဝင်လာခဲ့မှုကြောင့် ယနေ့တွင် နောင်ချိုမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံနိုင်ခဲ့ရာ ကျောင်းလာရောက်အပ်နှံနိုင်မှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၁၆၅ ဦး ရှိကြောင်း သိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများထံသို့ တစ်ပါတည်း ပေးအပ်ကြသည်။

ထို့ပြင် နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(သပြေရေ)တို့၌လည်း စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းသာယာရေးအတွက် တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အခြားလိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဒုတိယလမ်းညွှန်ချက်အနေဖြင့် ကျန်းမာရေးဆိုင်ရာကိစ္စဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် (၂၅)ခုတင်ဆံ့ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံအား မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ပေးရန်ဖြစ်သည့်အတွက် အဆိုပါဆေးရုံအား ပြန်လည်ပြုပြင်နေစဉ်ကာလအတွင်း မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသား ပြည်သူ ၁၈၂ ဦးတို့ကို သွေးလွန်တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများနှင့် ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် နောင်ချိုမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံစဉ်။



နောင်ချိုမြို့၌ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



နောင်ချိုမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

# တည်ဆောက်ရေးသုံးပစ္စည်းများ၊ ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ စစ်တွေမြို့သို့ရောက်ရှိ



**စစ်တွေ ဇူလိုင် ၂၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့မှ တည်ဆောက်ရေးသုံးပစ္စည်းများ၊ ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ တင်ဆောင်လာသော သင်္ဘောများ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိပြီး လူအင်အား၊ စက်ယန္တရားအင်အားအသုံးပြုကာ ကုန်တင်ကုန်ချ ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ လိုအပ်မှုမရှိသောနေရာများသို့ မရောက်ရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ကုန်တင်ကုန်ချစခန်းများ၌ ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် ယာယီနေရပ်စွန့်ခွာစခန်းများမှ ပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားပြီး ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ- ဝင်းမင်းစိုး**

# လှိုင်ကော်မြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**လှိုင်ကော် ဇူလိုင် ၂၂**

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၌ ပညာသင်ကြားနေသည့်လူငယ်များအတွက် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဇူလိုင် ၂၁ ရက်က ဖွင့်လှစ်သည်။



အခမ်းအနား၌ ပြည်နယ်လူမှုရေးရာဝန်ကြီးက ကယားပြည်နယ်ဒေသအတွင်း ကျောင်းပညာသင်ကြားနေသော ကလေးများအား အတန်းပညာအပြင် အတတ်ပညာတစ်ခုရရှိစေရန်၊ ကျောင်းပြင်ပရောက်ရှိနေသော ကလေးများအား အသက်မွေးဝမ်းကျောင်းပညာတစ်ခုရရှိ၍ မိမိဘဝရပ်တည်နိုင်ပြီး မိသားစုဝင်ငွေတိုးတက်စေရန်နှင့် လူငယ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း၊ နေ့စဉ်အသုံးပြုလျက်ရှိသည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကိုတက်ရောက်သင်ကြားပြီး သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ခန်းစာကို လက်တွေ့ ပြန်လည်အသုံးချမည်ဆိုပါက ကုန်ကျစရိတ်များသက်သာလာနိုင်ခြင်း၊ မိမိကိုယ်တိုင်တစ်ပိုင်တစ်နိုင် ထုတ်လုပ်လာနိုင်၍ မိမိဘဝရပ်တည်ရေးနှင့် မိသားစုဝင်ငွေ တိုးတက်လာနိုင်သည့်အပြင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသစ်များ ထူထောင်လာနိုင်ပါက ကယားပြည်နယ်အတွင်း၌ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ အားစာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

# အလုံခရိုင်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင်၌ ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို အလုံမြို့နယ် ဆင်မင်းရပ်ကွက် အလုံလမ်းရှိခရိုင်တရားရုံးရှေ့၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ အလုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့်အဖွဲ့ဝင်များ၊ အလုံခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်နှင့်ဝန်ထမ်းများ၊ အလုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကိုကိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးကြသည်။

ဒုတိယအကြိမ်စိုက်ပျိုးပွဲ၌ အမြင့်နှစ်ပေနှင့်အထက် မဟော်ဂနီ၊ ခရေ၊ ငုနှင့် စိန်ပန်း စုစုပေါင်းအပင်၂၅၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သျှင်ဝင်းသျှင်**





# ဝါးခယ်မမြို့နယ်၌ ရေနုတ်မြောင်းများတူးဖော်

**ဝါးခယ်မ ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စာရေးကုန်းရပ်ကွက် မြူရုံးလမ်းတွင် ယနေ့နံနက်ပိုင်းက ရေနုတ်မြောင်းများအား စက်ယန္တရားများဖြင့် တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှိုင်ဝင်းဟန်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှု၍ ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခြင်းသည် မိုးတွင်းကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး၊ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းရေးတို့ကို ရည်ရွယ်ခြင်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ရေနုတ်မြောင်းများနှင့် ရေမြောင်းများတူးဖော်ခြင်း၊ အမှိုက်များဆယ်ယူရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စာရေးကုန်းရပ်ကွက် မြူရုံးလမ်း အပါအဝင် အခြားရပ်ကွက်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွမ်းသီဟ(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါ ကာကွယ်နိုင်ရန်အတွက် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်ကာ ပူးပေါင်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် (ဃ)ရပ်ကွက်အတွင်းရှိ နေအိမ်များတွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးဖြိုးဝေလင်း၊ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းထွန်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြု သင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ (ဃ)ရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ နေအိမ်များသို့ သွားရောက်ကာ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြောခြင်း၊ ရပ်ကွက်အတွင်း အသိပညာပေး ဗီနိုင်းများကပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ တည်ဆောက်ရေးလုပ်ငန်းများအတွက် ညှိနှိုင်းစည်းဝေး



**ကန်ကြီးထောင့် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ဆောင်ရွက်မည့် အခြေခံပညာဦးစီးဌာနရှိ တည်ဆောက်ရေးလုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်သက်နိုင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အခြေခံပညာဦးစီးဌာနရှိ တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါအောင်ကုမ္ပဏီများ၊ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **ကျော်ဇင်စိုး(ပြန်/ဆက်)**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၉ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင်လည်း DPLA အဖွဲ့ဝင် ၁၉ ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်ပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့သည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကနဦးပြောကြားချက်များအရ အများစုသည် ရိုးသားစွာ တောင်ယာလုပ်ငန်းလုပ်ကိုင်နေကြသူများဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အတင်းအဓမ္မခြိမ်းခြောက် ဖမ်းဆီး၍ လူသစ်စုဆောင်းခံရသူများဖြစ်ပြီး သီပေါမြို့၏ အနောက်ဘက် ၁၀ မိုင်ခန့်အကွာ မန်လွယ်ကျေးရွာအနီးတွင် သင်တန်းတက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းသည့်အခါ နယ်မြေအလိုက် အခြေပြုလှုပ်ရှားသည့် ကျေးရွာများ၊ တောတွင်းစခန်းများတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် လူ့အခွင့်အရေးများ ဆုံးရှုံးကာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုခံခဲ့ရပြီး အဓမ္မစေခိုင်းချက်အရ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိတော့သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုသဖြင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်းဝင်ရောက်ရန်အတွက် အင်ကြင်းကုန်းကျေးရွာမှတစ်ဆင့် သုံးဆယ်ကျေးရွာ၊ ထိုမှတစ်ဆင့် လွယ်ခွန်ကျေးရွာ၊ ၎င်းမှတစ်ဆင့် ဇီးဖြူပင်ကျေးရွာလမ်းကြောင်းအတိုင်း ထွက်ခွာလာခဲ့ပြီး နောင်ချိုမြို့နယ် ယင်းငူပင်ကျေးရွာအနီး နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းထံသို့ သတင်းပို့ကာ ယခုကဲ့သို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် PDFအမည်ခံ အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုအနေဖြင့် ဇူလိုင်လ ၁၇ ရက်မှ ယနေ့အထိ TNLAအဖွဲ့ဝင် လေးဦး ၊ MDY-PDF အဖွဲ့ဝင် ၁၅ ဦးနှင့် DPLA အဖွဲ့ဝင် ၄၁ ဦးဖြစ်ပြီး လက်နက်မျိုးစုံ ၁၃ လက်နှင့် ကျည်မျိုးစုံ ၁၅၁၅တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့ ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲကျင်းပ

**မော်လမြိုင် ဇူလိုင် ၂၂**

မော်လမြိုင်မြို့ ကျောက်တန်းရပ်ကွက် ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်၊ မွန်ပြည်နယ် ဥပဒေချုပ်ရုံးမှ ပြည်နယ် ဥပဒေအရာရှိ(တာဝန်)၊ မော်လမြိုင်ခရိုင်ဥပဒေအရာရှိ၊ လက်ထောက်ပြည်နယ် ဥပဒေအရာရှိ၊ ဒုတိယခရိုင်ဥပဒေအရာရှိ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ပြည်နယ်မီးသတ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် အရပ်ဘက်လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က နိုင်ငံသားတိုင်း နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို သိရှိလိုက်နာရန် လိုမည်ဖြစ်၍ ဥပဒေအသိပညာပေးခြင်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဟောပြောပို့ချသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနမှ ပေးပို့လာသော လူမှုဆက်သွယ်ရေးကွန်ရက်၊ Facebook၊ Messenger၊ You Tube၊ Telegram တို့မှတစ်ဆင့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြုရန် လိမ်လည်မှု၊ တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေအသိပညာပေး Video နှစ်ခုကို ပြသသည်။

ယင်းနောက် မွန်ပြည်နယ်ဥပဒေချုပ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ၂၀၂၃ ခုနှစ် ဥပဒေများ၊ နည်းဥပဒေများ ၁၉၄ ခု၊ ရာဇသတ်ကြီး၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅) စာအုပ်များကိုပြည်နယ် မီးသတ်တပ်ဖွဲ့ စာကြည့်တိုက်တွင် ထားရှိလေ့လာ အသုံးပြုနိုင်ရန် ပြည်နယ်မီးသတ်ဦးစီးမှူးထံ လှူဒါန်းခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



# လှည်းကူးမြို့နယ်၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

**လှည်းကူး ဇူလိုင် ၂၂**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူး မြို့နယ်တွင် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (လှည်းကူး)၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အဖွင့် အမှာစကားပြောကြားပြီး ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီခိုင်က ကျောင်းကျန်းမာရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။



**ပြောကြား**

ထို့နောက် သွားဘက်ဆိုင်ရာ လက်ထောက်အထူးကုဆရာဝန် ဒေါက်တာတင်နိုင်က သွားကျန်းမာရေးနှင့်ပတ်သက်၍ လိုက်နာရမည့် အခြေခံအချက်များ၊ သွားကျန်းမာရေးကို ဂရုစိုက်ရမည့်အချက်များနှင့် သွားဘက်ဆိုင်ရာ ဖြစ်တတ်သော ရောဂါများအကြောင်းကို ပြောကြားသည်။

ဆက်လက်၍ သန့်(၄)သန့် အစီအစဉ်ဖြင့် ကျောင်းရှိ ယင်လုံအိမ်သာများ စစ်ဆေးခြင်း၊ ကျောင်း မုန့်ဈေးတန်းများအား စည်းကမ်းချက်များနှင့် အညီ စစ်ဆေးခြင်း၊ ကျောင်းရှိ သောက်သုံး ရေကန်များအား အဘိတ်ဆေးခတ်ခြင်း၊ သွားကျန်းမာရေးစစ်ဆေးပေးခြင်းများ ပြုလုပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပခုက္ကူမြို့နယ်၌ ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြော

**ပခုက္ကူ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြောပွဲနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ပခုက္ကူမြို့ပေါ်ရပ်ကွက်ရှိ အခြေခံပညာ ကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပခုက္ကူခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဦးစီးအရာရှိများနှင့် ကျန်းမာရေးဝန်ထမ်းများက ပခုက္ကူမြို့ပေါ်ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်းများသို့ ကွင်းဆင်း၍ ကျောင်းသား ကျောင်းသူများအား အာဟာရဖွံ့ဖြိုးရေးနှင့် ရောဂါကာကွယ်စေသော အစာအုပ်စုများ၊ မိုးရာသီကာလအတွင်း အဖြစ်များသော ရာသီတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော ရောဂါနှင့် သတိပြုလိုက်နာ ဆောင်ရွက်ရမည့်ရှောင်ရန်၊ ဆောင်ရန်အချက်များ၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်တားဆီးရေး၊ သွားနှင့် ခံတွင်းကျန်းမာရေး၊ စနစ်တကျ လက်ဆေးနည်းများအကြောင်းကို အသိပညာပေး ဟောပြောကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား သွားကျန်းမာရေးနှင့် မျက်စိကျန်းမာရေးဆိုင်ရာများ စစ်ဆေးကုသပေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ အာဟာရနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှု အခြေအနေ စစ်ဆေးခြင်းများ ဆောင်ရွက်ကြပြီး လိုအပ်သည့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး e-Government ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် ဇူလိုင် ၂၂**

တိုင်းဒေသကြီး e-Government ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ယနေ့မွန်းလွဲပိုင်းက ပြုလုပ်ရာ တိုင်းဒေသကြီး e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး e -Government ဦးဆောင်ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က e-Government ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ သတင်းအချက်အလက်များ ကျိုးပေါက်မှုမရှိစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအား e-Government အထောက်အကူပြုသင်တန်းများဖွင့်လှစ်ပေးရာ ဆက်လက်ဖွင့်လှစ်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး e-Government လုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုသိမ်နည်းပညာတက္ကသိုလ်၊ ပုသိမ်ကွန်ပျူတာတက္ကသိုလ်၊ တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးတို့မှ တာဝန်ရှိသူများ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ဒဂုံတက္ကသိုလ်၌ အတွေ့အကြုံ ရှင်းလင်းပွဲအခမ်းအနား ပြုလုပ်

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်တွင် ယနေ့နံနက် ၁၀ နာရီက အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားပြီး ကွန်ပျူတာသိပ္ပံဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြတ်စုလှိုင်က ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ကျင်းပပြုလုပ်သော လန်ချန်း-မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးလူငယ်များ၏ ဆန်းသစ်တီထွင်မှုပြိုင်ပွဲသို့ တက်ရောက်ခဲ့သော အတွေ့အကြုံများရှင်းလင်းခြင်း၊ ဘူမိဗေဒဌာနမှ ဦးရဲဇော်(သရုပ်ပြက) ဂျပန်နိုင်ငံ Akita University တွင် ကျင်းပပြုလုပ်ခဲ့သော Sustainable Resource Development 2025 Short Stay Program သို့ တက်ရောက်ခဲ့သော အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာခိုင်ခိုင်ထွန်းမြင့်၊ ဥပဒေပညာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာလှိုင်အောင်ထွန်း၊ သင်တန်းရေးရာဌာနမှ ဌာနမှူး ဦးသန်းစိုးဦးတို့က စပိန်နိုင်ငံ ဂရန်နာဒါတက္ကသိုလ်တွင် ကျင်းပသော ပညာရေးရပ်ဝန်း ယဉ်ကျေးမှုများနှင့် အမြင်များချိတ်ဆက်ခြင်းဆိုင်ရာသို့ တက်ရောက်ခဲ့သော အတွေ့အကြုံများကို ရှင်းလင်းခဲ့ပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးသည်များကို ဖတ်ကြားသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။ **အေးမဥ္ဇူ**

# တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(ငြိမ်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်ရေးနာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ တာဝန်ရှိသူများ၊ တောင်ကြီးခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**လိုက်လံနှုတ်ဆက်**

ဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက အဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်မှူးချုပ် မြင့်ဟိန်း(ငြိမ်း)က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျိုက်လတ်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ကျိုက်လတ် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် လျာထားသည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်း၊ ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမိုးမြင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးကြကြောင်း သိရသည်။ **လှိုင်မင်းအောင်(ပြန်/ဆက်)**

# မုဒုံမြို့၌ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြသခြင်း ဆောင်ရွက်

**မုဒုံ ဇူလိုင် ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မုဒုံမြို့နယ်)တွင် သဘာဝဘေးအန္တရာယ်အသိပညာပေး ဟောပြောပွဲနှင့် သရုပ်ပြသခြင်းအခမ်းအနားကို ယမန်နေ့က သင်တန်းကျောင်း၌ ပြုလုပ်သည်။


ဟောပြောပွဲတွင် မုဒုံမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဖုန်းမြင့်အေးက သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန် အကြောင်းအရာများ၊ သဘာဝဘေးအန္တရာယ်များ မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်၊ ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်းများကို ဆောင်ရွက်ရာ သင်တန်းကျောင်းရှိ နည်းပြဆရာမများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**



# စီးပွားရေးစကြံ်စီမံကိန်းအရ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်မည်ဟု တရုတ်ပြောကြား




ပေကျင်း ဇူလိုင် ၂၂

တရုတ်နိုင်ငံသည် စီးပွားရေးစကြံ်စီမံကိန်းအရ နိုင်ငံစုံဘုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ကာ သာတူညီမျှရှိသည့်အနာဂတ်ကို ဖော်ဆောင်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂါအိုဂျီကန်က ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

စီးပွားရေးစကြံ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ယခုအချိန်တွင် ဖွံ့ဖြိုးတိုးတက်မှုအဆင့်သစ်တစ်ခုသို့ရောက်ရှိနေပြီဖြစ်ကာ ယူရေးရှားမှ အာဖရိကနှင့် လက်တင်အမေရိကဒေသများအထိ ရုပ်ပိုင်းဆိုင်ရာ ချိတ်ဆက်မှုအပြင် အဖွဲ့အစည်းဆိုင်ရာ ဆက်သွယ်မှုနှင့် ဒေသခံအချင်းချင်းချိတ်ဆက်မှုများ ဆောင်ရွက်ခဲ့ကာ ပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်များသည်နိုင်ငံပေါင်း ၁၅၀ ကျော်မှနိုင်ငံသားများအတွက် အကျိုးပြုခဲ့ကြောင်း ဂါအိုဂျီကန်ကပြောကြားသည်။

စီးပွားရေးစကြံ်စီမံကိန်းအရ ဂျကာတာ ဘန်ဒေါင်း မြန်နှုန်းမြင့်ရထားလမ်း၊ တရုတ်-ဥရောပ ကုန်ရထားပြေးဆွဲမှုနှင့် အာဖရိကဒေသတွင် ဆိုလာစွမ်းအင်လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ထောင်ခဲ့ခြင်းမှာ အောင်မြင်မှုများဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စီးပွားရေးစကြံ် ပူးပေါင်းဆောင်ရွက်မှုသည် ကုန်သွယ်မှုနှင့် စက်မှုပူးပေါင်းဆောင်ရွက်မှုအတွက် စကြံ်တစ်ခုအဖြစ် ချဲ့ထွင်လာကာ နိုင်ငံတကာစက်မှုကွင်းဆက်ကို ပေါင်းစည်းပေးပြီး ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်၏ တည်ငြိမ်မှုနှင့် ခံနိုင်ရည်အားကို အကာအကွယ်ပေးရန်အတွက် နိုင်ငံများကို ကူညီထောက်ပံ့ပေးကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# နျူကလီးယားအရေးအတွက် ဆွေးနွေးရန် လမ်းဖွင့်ထားဟု အီရန်နိုင်ငံခြားရေးဝန်ကြီးပြောကြား



တီဟီရန် ဇူလိုင် ၂၂

အီရန်နှင့် အမေရိကန်အကြား အီရန် နျူကလီးယားအရေး အတွက်ဆွေးနွေးရန်လမ်းဖွင့်ထားကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီး အေဗတ်အေရာချီက ပြောကြားသည်။

အီရန်သည် ယူရေနီယမ်သတ္တုသန့်စင်သည့် လုပ်ငန်းများကို ပြန်လည် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အီရန်နှင့် အမေရိကန်အကြား တွေ့ဆုံဆွေးနွေးရန်လမ်းများဖွင့်ထားကြောင်း ၎င်းက အမေရိကန် ဖောက်စ်နယူးစ် သတင်းဌာနနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

အီရန်၏ နျူကလီးယား ထုတ်လုပ်ရေး လုပ်ငန်းသည် ငြိမ်းချမ်းရေးအတွက် ရည်ရွယ်ကြောင်း အမေရိကန်ကယုံကြည်ရေးအတွက် ဆောင်ရွက်ရန် အသင့်ရှိသည်ဟု နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ ယင်းအချက်ကို အီရန်က သက်သေပြနိုင်ပါက အပြန်အလှန်အနေဖြင့် အမေရိကန်၏ အီရန်အပေါ် ပိတ်ဆို့မှုများကို ရုပ်သိမ်းစေလိုကြောင်း အေဗတ်အေရာချီက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - စိုးသူရ

# ကမ္ဘောဒီးယားနှင့် တောင်ကိုရီးယားတို့အကြား ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး စီမံကိန်းဆောင်ရွက်

ဖနောင်ပင် ဇူလိုင် ၂၂

ကမ္ဘောဒီးယားနှင့် တောင်ကိုရီးယားတို့အကြား ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး စီမံကိန်းတစ်ရပ်ကို ဆောင်ရွက်ခဲ့ကြောင်း ဇူလိုင် ၂၂ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါစီမံကိန်းအရ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချရေးအတွက် လျှပ်စစ်ယာဉ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို ကမ္ဘောဒီးယားနှင့် တောင်ကိုရီးယားတို့အကြား ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ယင်းစီမံကိန်းအရ ကမ္ဘောဒီးယားနိုင်ငံရှိ ဝန်ထမ်းများ အသုံးပြုရန် လျှပ်စစ်ဆိုင်ကယ်အစီးရေ ရှစ်ထောင်ကို တောင်ကိုရီးယား ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးကုမ္ပဏီဖဲရီးဝေ့ါဒ်က လှူဒါန်းမည်ဖြစ်သည်။ ထို့ပြင် လျှပ်စစ်ယာဉ်အားသွင်းရုံ နှစ်ရာကျော်ကိုလည်း ကမ္ဘောဒီးယားနိုင်ငံတွင် ယင်းကုမ္ပဏီက လုပ်ငန်းဆောင်ရွက်စေမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းအရ ကမ္ဘောဒီးယားနိုင်ငံသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုအများအပြား လျှော့ချနိုင်မည်ဖြစ်ကာ နိုင်ငံအတွင်း အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပြီး ကာဗွန်ထုတ်လွှတ်မှု သုညအဆင့်ရောက်ရှိရေးအတွက် နိုင်ငံ၏ရည်မှန်းချက်ကိုလည်း အောင်မြင်စေမည်ဖြစ်ကြောင်း ဖနောင်ပင်တွင်ကျင်းပသည့် စီမံကိန်းစတင်ဆောင်ရွက်သည့် အခမ်းအနားတွင် ကမ္ဘောဒီးယား သဘာဝပတ်ဝန်းကျင်ဝန်ကြီး အန်ဆိုဖီလတ်က ပြောကြားသည်။

ကမ္ဘောဒီးယား၏ ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးကတိကဝတ်ကို အန်ဆိုဖီလတ်က အတည်ပြုခဲ့သည်။

ကမ္ဘောဒီးယားသည် ၂၀၃၅ ခုနှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၅၄ ရာခိုင်နှုန်းအထိ လျှော့ချရန် ဆောင်ရွက်နေကြောင်း ဝန်ကြီးက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၅ | ၃၀၇၅ | ၃၀၄၅ | ၂၉၇၅ | ၃၀၈၅ | ၃၁၀၀ | ၃၁၁၅ | ၃၀၃၅ | ၄၅၀၅ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၅ | ၃၁၂၀ | ၃၀၈၅ | ၃၁၁၀ | ၃၃၆၅ |
| 95 Ron | ၃၀၂၀ | ၃၁၃၅ | ၃၁၀၀ | ၃၀၃၅ | ၃၁၄၀ | ၃၁၅၅ | ၃၁၇၀ | ၃၀၉၀ | ၄၅၆၀ | ၃၃၈၅ | ၃၁၀၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၄၅ | ၃၁၆၅ | ၃၄၂၅ |
| HSD (500 ppm) | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၆၀ | - | ၃၀၅၀ | ၂၇၇၅ | ၂၇၇၅ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၈၄ |
| 95 Ron | ၂၈၄၉ | ၂၉၄၀ |
| HSD (500 ppm) | ၂၅၂၇ | ၂၆၀၇ |
| HSD (50 ppm) | ၃၁၅၂ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၂ | ၃၂၄၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



# လှည်းကူးမြို့နယ်၌ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသင့်စုဖွဲ့ထားရှိမှု ကြည့်ရှုစစ်ဆေး

လှည်းကူး ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရန် ယာဉ်၊ စက်နှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိမှုစစ်ဆေးခြင်းကိုယနေ့မွန်းလွဲပိုင်းက လှည်းကူးမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေးအင်အား မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့်အတူ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၇၀ ခန့်အား တွေ့ဆုံ၍ ယာဉ်၊ စက်နှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၈၇၂၈၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toe 12 Wheels Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၂၁ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၁၀၉၃၅၆၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၈ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၃၈၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၈၉၆၀၈၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၁ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ နိုင်းစတားစက်သုံးဆီဆိုင်အနီး၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရွှေကြက်ယက်ဆိပ်ကမ်းအနီး၌ မန္တလေးမြို့မှ မိုးညှင်းမြို့သို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၃၁ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၂၉၂၄၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၂၉၂၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံ ကားလမ်းမဘေး စွတ်ဆိုင်ကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၈၀၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံ ကားလမ်းမဘေး ပါခါကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၅၀၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် တာချီလိတ်-ဝမ်ပုံ ကားလမ်းမဘေး ပါခုတ်နိုကျေးရွာရှိခြံဝင်းတစ်ခုအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၇၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၄ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၁၇ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၉ ရက်နှင့် ၂၁ ရက်တို့တွင် စုစုပေါင်းအမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၆၂၃၀၀၈၀)ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အင်ဂျင်နီယာတို့က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အဓိကလုပ်ငန်းတစ်ရပ်ဖြစ်သည့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ဒေသနှင့်ကိုက်ညီသည့် ရေပေးရေးလုပ်ငန်းများ အကောင်ထည်ဖော် ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေလေ့လာမှုများကို ဆောင်ရွက်စဉ်။

ဆွေသန်း

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၇-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ရိုးရာနှင့်ယှဉ်ကာ...ထိမိစေသော...TOP
- ၀၉:၁၀ မြန်မာ့ပုလဲဆန်လို့တင်စားပေါ်ဆန်းစပါး
- ၁၁:၁၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၇)
- ၁၃:၁၀ သီချင်းကြီးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရပန္နလေး' အပိုင်း (၃၇+၃၈)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၄၀ မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၁၀ ရွှေသို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၄၀ NEXT LEVEL
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၃၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ (၃၈)ဖြာမင်္ဂလာ 'သမဏာနဥ္စဒဿနံ' (မြတ်သောရဟန်းတို့ကိုဖူးမြော်ရခြင်း)
- ၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မှန်တိုင်းတစ်ခုရဲ့နှိုးစုံ' (အပိုင်း-၆)

### mitv

- 07:01 Evergreen Classic: Zeyatu Sabba Mingalan
- 07:10 Tech Digest
- 07:18 Tahbuhla Dam & Oakkan Chaungtha
- 07:31 Plant Biotechnology Center
- 08:01 News
- 08:26 Commercial Farming to GDP Growth, Pomelo Grower
- 09:01 Mt. Cable Garden
- 09:19 The National Traditional Rowing Team
- 09:30 Discovering Tribes 'Rwang' Their Life and Customs (Part-2)
- 10:10 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားသီချင်း၊ အက(ချင်း)
- ၀၇:၀၀ မြန်မာသံစဉ်တေးများ
- ၀၇:၃၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရပန္နလေး' အပိုင်း (၃၇)(၃၈)
- ၀၈:၅၀ ဇာတ်တော်ကြီး 'မဟာဇနကဇာတ်တော်ကြီး' (ပထမပိုင်း)
- ၁၀:၁၅ ကမ္ဘာတစ်လွှာအနုပညာသတင်းများ
- ၁၀:၃၅ စတီရီယိုတေးများ
- ၁၀:၄၅ ဇာတ်တော်ကြီး 'မဟောသဓာဇာတ်တော်ကြီး' (ဒုတိယပိုင်း)
- ၁၉:၃၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရပန္နလေး' အပိုင်း (၃၉)(၄၀)

### MRTV NRC

- ကယား (၀၆:၀၀ မှ ၀၈:၀၀) လှမ်းခဲ့ပါလေကယန်းပန်ပက်ဒေသဆီ
- ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀) ထွန်းတောက်လာသောကြယ်တစ်ပွင့်(ပထမဦးဆုံးအမျိုးသမီးလေယာဉ်မှူး)
- အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀) စာပေစကားပြောကြရအောင်(အပိုင်း-၆)
- အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀) ပန်းချီဆရာစောထွန်းလင်းနှင့်တွေ့ဆုံမေးမြန်းခြင်း
- ချင်း(လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀) မှိုင်ပေါ်လ်ဝက်သားမီးဖုတ်
- ချင်း(ချိုး) (၁၂:၀၀ မှ ၁၃:၀၀) ချင်းပြည်နယ်၏အလှအပများ
- မွန် (၁၃:၀၀ မှ ၁၅:၀၀) ဆေးပက်ဝင်ပေဒါပင်
- ရခိုင် (၁၅:၀၀ မှ ၁၇:၀၀) အရိုးချေလက်ရာ
- ရှမ်း (၁၇:၀၀ မှ ၁၉:၀၀) 'တိုင်းနေ' တိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ
- ဝ (၁၉:၀၀ မှ ၂၁:၀၀) ကြက်သွန်ဖြူနှင့်ကျန်းမာရေး
- ကချင် (၂၁:၀၀ မှ ၂၃:၀၀) စောရအိုင်နန်း (အပိုင်း-၁)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ ယူရှူစီးရီး(အပိုင်း-၇)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလဲ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါဏ်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဗြိတိသျှမှာနိုင်ငံ'
- ၁၁:၀၀ ရွှေသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၉၆)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ဝါသီးနံအထွက်တိုးစေဖို့သမဝါယမစနစ်ဖြင့် ပံ့ပိုးကူညီစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၁၀ Livestock on the Land
- ၁၈:၃၅ June Tour of Our South Garden
- ၂၀:၀၀ တောလယ်မောတယ်ချစ်မယ်(ဇာတ်လမ်း)
- ၂၂:၀၀ Depature (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ Basketball Talk Show Program

Scan Here

MRTV / MRTV / MRTV Radio / MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အင်းစိန်မြို့နယ်တွင် ငွေကျပ် ၄၈ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများကို ပင်လယ်ရေကြောင်း အသုံးပြုသယ်ဆောင်ရောင်းဝယ်သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၂

အင်းစိန်မြို့နယ်တွင် ငွေကျပ် ၄၈ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများကို ပင်လယ်ရေကြောင်းအသုံးပြု သယ်ဆောင်ရောင်းဝယ်သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက် ည ၆ နာရီခွဲတွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိသိန်းဝင်းထွန်းနှင့် ထွန်းထွန်းလင်း(ခ)ကိုထွန်းတို့ ငှားရမ်းထားသည့်နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ဖော်ဖော်လွင်အား အိုက်စ်(မက်သ်အဖက်တမင်း)၁၈၇၅ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၄၆ ဒသမ ၈၇၅ ဘီလီယံ)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်း(၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၆ ဘီလီယံ)နှင့် TOYOTA DYNA ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ပြောင်းဆေးဝါးများကို လွှဲပြောင်းပေးအပ်ခဲ့သူ နေမျိုးကျော်အား ည ၇ နာရီတွင် လှိုင်မြို့နယ် (၁၆) ရပ်ကွက် ပါရမီလမ်းတွင်ဖမ်းဆီးရမိခဲ့ကြောင်း၊ ဇူလိုင် ၁၅ ရက်တွင် စိတ်ပြောင်းဆေးဝါးများ တာဝန်ခံသယ်ဆောင်သူ ကြည်ဖြူ(ခ)ကျော်ဝင်းငွေးနှင့် ဇော်မင်းနိုင်တို့မှာ ထားဝယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် KLUGER ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကြည်ဖြူ(ခ)ကျော်ဝင်းငွေးမှာ မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ပြီး ယင်းနေ့ညနေ ၄ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါးများကို ပင်လယ်ရေကြောင်းဖြင့် မလေးရှားရေပိုင်နက်သို့ ပို့ဆောင်သူ စိုးလင်းပိုင်(ခ)လင်းလင်းအား ပြည်မြို့ နဝဒေးတံတားတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြစ်ဝမှ မလေးရှားရေပိုင်နက်သို့ပို့ဆောင်သူ စက်လှေပိုင်ရှင် ရဲထွန်း(ခ)ပွဲနင်း(ခ)ဖိုးသာဂီအား ပုသိမ်ကြီးမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ပြီး ရဲထွန်းမှာလည်း မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ကြောင်း၊ ဇူလိုင် ၁၇ ရက် ညနေ ၄ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါးများကို ရန်ကုန်မြစ်ဝသို့ တာဝန်ခံသယ်ဆောင်ပေးသူ အောင်ရတနာ စက်လှေပိုင်ရှင် သိန်းသန်းငွေး(ခ)ဇော်ဇော်အောင်(ခ)ငငွေးနှင့် ကျော်စွာမင်း(ခ)မင်းမင်း၊ မျိုးထွန်း(ခ)ကိုထွန်းတို့အား မင်္ဂလာဒုံမြို့နယ်၌ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါးများကို ဘောစိ(ခ)ပန်းသီး (ခ)အုံနာမှ သိန်းဝင်းထွန်းနှင့် ထွန်းထွန်းဝင်း(ခ)ကိုထွန်းတို့အား နေအိမ်ငှားရမ်း၍ သိမ်းဆည်းခိုင်းခြင်းဖြစ်ကြောင်း၊ မလေးရှားရေပိုင်နက်သို့ အဓိကသယ်ဆောင်ရောင်းဝယ်သူမှာ ကိုစိုင်းနှင့် မောင်မောင်တို့ဖြစ်ပြီး ကြည်ဖြူ(ခ)ကျော်ဝင်းငွေးနှင့် ၎င်း၏တပည့်ဖြစ်သူ အောင်ဖြိုး(ခ)အောင်ဖြိုးနိုင်(ခ)ကိုမျိုးတို့သည် ရန်ကုန်မြို့မှ ပင်လယ်ဝသို့လည်းကောင်း၊ ပင်လယ်ဝမှတစ်ဆင့် မလေးရှားရေပိုင်နက်




စိတ်ပြောင်းဆေးဝါးများအား မလေးရှားရေပိုင်နက်သို့ပို့ဆောင်မည့် တရားခံ ကြည်ဖြူ(ခ)ကျော်ဝင်းငွေး၊ ဇော်မင်းနိုင်၊ သိန်းသန်းငွေး(ခ)ဇော်ဇော်အောင်(ခ)ငငွေး၊ ကျော်စွာမင်း(ခ)မင်းမင်း၊ မျိုးထွန်း(ခ)ကိုထွန်းတို့အား ဖမ်းဆီးရမိမှုမှတ်တမ်း။

သို့လည်းကောင်း သယ်ဆောင်ရန် စီမံခန့်ခွဲသူဖြစ်ကြောင်း၊ ရန်ကုန်မှတစ်ဆင့် ပင်လယ်ဝသို့ စိတ်ပြောင်းဆေးဝါးများကို ယာဉ်၊ စက်လှေတို့ဖြင့် တာဝန်ခံသယ်ဆောင်သူမှာ သိန်းသန်းငွေး(ခ) ဇော်ဇော်အောင်(ခ)ငငွေးဖြစ်ကြောင်း၊ ရန်ကုန်မြစ်ဝမှတစ်ဆင့် မလေးရှားရေပိုင်နက်သို့ ၎င်းပိုင်စက်လှေဖြင့် တာဝန်ခံသယ်ဆောင်သူမှာ ရဲထွန်း(ခ)ပွဲနင်း(ခ)ဖိုးသာဂီဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိပြီး ယင်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့သည် ပြည်ပသို့ပင်လယ်ရေကြောင်းအသုံးပြု၍ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှု အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်ရရှိသဖြင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




တရားခံ နေမျိုးကျော်၊ ဖော်ဖော်လွင်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။




စိတ်ပြောင်းဆေးဝါးများအား မလေးရှားရေပိုင်နက်သို့ ပို့ဆောင်မည့် တရားခံ ရဲထွန်း(ခ)ပွဲနင်း(ခ)ဖိုးသာဂီနှင့် စိုးလင်းပိုင်(ခ)လင်းလင်းတို့အား ဖမ်းဆီးရမိမှုမှတ်တမ်း။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ငါးဦး ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။



ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား လေးဦးနှင့် ကင်ညာနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသားငါးဦးကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ သံရုံးနှင့် ကင်ညာနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Mr.Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၂၉၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၆၀ အား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၉ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်ဘောလုံးအားကစားကွင်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်းနှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် လေတပ်စခန်းဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ဖြစ်သည့် မှော်ဘီလေတပ်စခန်းအသင်းနှင့် တံတားဦးလေတပ်စခန်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်ကစားသွားမည်**

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကွပ်ကဲမှုအောက်ရှိ ဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဩဂုတ် ၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ်ဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ပါမောက္ခချုပ်ဖလား မိုးရာသီ ဘောလုံးပြိုင်ပွဲ ၂၀၂၅ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်း တက္ကသိုလ် ဘောလုံးကွင်း၌ ကျင်းပရာ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ အားကစားနှင့် ကာယပညာကော်မတီ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အုပ်ချုပ်သူနှင့် နည်းပြများ၊ သင်တန်းအသီးသီးမှ ကျောင်းသားကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများတက်ရောက်သည်။



ဖွင့်ပွဲတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ်ဒေါက်တာကျော်ရွှေက အားကစားသည် လူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပြီး အားကစားနည်း များထဲမှာမှ လူကြိုက်များသည့် ဘောလုံးကစားခြင်းသည် ကျန်းမာရေးကို အထောက်အကူဖြစ်စေရုံသာမက အသင်းအဖွဲ့ဖြင့် လုပ်ဆောင်တတ်သည့် အလေ့အထ/စိတ်ဓာတ်၊ (Teamwork spirit)၊ ခေါင်းဆောင်မှုစွမ်းရည် (Leadership skill)နှင့် စည်းကမ်းရှိမှု (Discipline)တို့ ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် အားကစားသမားများ အနေဖြင့် ညီအစ်ကိုမောင်နှမ စိတ်ဓာတ်မွေးပြီး အကောင်းဆုံးယှဉ်ပြိုင်ကစားကြရန်၊ အားကစားစိတ်ဓာတ်အပြည့်ဖြင့် သမာသမတ်ရှိစွာ သည်းခံစိတ်မွေးပြီး ရိုးသားစွာယှဉ်ပြိုင်ကြရန်၊ ပြိုင်ပွဲမှ ရရှိလာမည့် မိတ်ဆွေအပေါင်းအသင်းစိတ်၊ ကိုယ်စိတ်ကျန်းမာလွတ်လပ်ပျော်ရွှင်မှုဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သည့် စိတ်တို့ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရန် လိုကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ ဘောလုံးပွဲစဉ်များကို ဆေးတက္ကသိုလ်(၁) ရန်ကုန် ဘွဲ့ကြိုသင်တန်းများမှ MYRID၊ HYDRA၊ TITAN၊ SUPER ANTIGEN နှင့် SOCCOHOLICS စသည့် အသင်းငါးသင်းတို့က ဇူလိုင် ၂၀ ရက်မှ ၃၁ ရက်အတွင်း ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟသ်ာတတက္ကသိုလ် ဘာသာရပ်အလိုက် (အမျိုးသား/အမျိုးသမီး)ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဟသ်ာတ ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိ ဟသ်ာတတက္ကသိုလ် အားကစားခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်အလိုက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာခိုင်ခိုင်စန်းနှင့် ဟသ်ာတတက္ကသိုလ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယပါမောက္ခချုပ် ဒေါက်တာမိုးမင်းစိုးတို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ပြိုင်ပွဲကို ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဘာသာရပ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ဟသ်ာတ)**



# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အမျိုးသားဖူဆယ် ဘောလုံးပြိုင်ပွဲ ပထမဆုရ ဖျာပုံခရိုင်ကိုယ်စားပြုအသင်းအား ဂုဏ်ပြု

**ဖျာပုံ ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင်၊ အသက်(၂၅)နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ပထမဆုရ ဖျာပုံခရိုင်ကိုယ်စားပြုအသင်းကိုကြိုဆိုဂုဏ်ပြုခြင်းနှင့် ထပ်ဆင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပထမဆုရ ဖျာပုံခရိုင်ကိုယ်စားပြုအသင်းအားဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးကျော်မင်းယုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်ပြည်သူများက ဖျာပုံမြို့အဝင်(ဖျာပုံ-ကျိုက်လတ်)ကားလမ်းမကြီးဘေးတွင် စီတန်း၍ ဆုရဘောလုံးကစားသမားများအား ကြိုဆိုကြပြီး မြို့အတွင်းသို့ လှည့်လည်ကြသည်။

ထို့နောက် ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဂုဏ်ပြုချီးမြှင့်ပွဲကို ကျင်းပရာ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ဖျာပုံခရိုင်ကိုယ်စားပြုအသင်းအား ငွေကျပ် ၂၉ သိန်း ဂုဏ်ပြုချီးမြှင့်ရာ ဘောလုံးအသင်း အုပ်ချုပ်သူ၊ နည်းပြများနှင့် ကစားသမားများက လက်ခံရယူကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဖျာပုံခရိုင်၌ ပြည်သူလူထုပါဝင်သော ရေဘေးသဏ္ဌာန်တူသရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ဖျာပုံ ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ယနေ့နံနက်ပိုင်းက အမှတ်(၁၂)ရပ်ကွက် အကျဉ်းဦးစီးဌာနရုံးရှေ့ ဖျာပုံမြစ်ရေပြင်တွင် ပြည်သူလူထုပူးပေါင်းပါဝင်သော ရေဘေးသဏ္ဌာန်တူသရုပ်ပြဇာတ်တိုက်လေ့ကျင့်သည်။

အခမ်းအနားသို့ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ သန္တေမီးသတ် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ၊ ပွဲတင်သံပရဟိတနှင့်ရွှေညီကို ပရဟိတအသင်းအဖွဲ့များ၊ ပြည်သူလူထုများ စုစုပေါင်းအင်အား ၁၅၀ တက်ရောက်သည်။

ဇာတ်တိုက် လေ့ကျင့်မှုတွင် ပူးပေါင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများသို့ ကယ်ဆယ်ရွှေ့ပြောင်းခြင်း၊ စက်လှေမီးလောင်မှုဖြစ်စဉ်တွင် မီးငြိမ်းသတ်၍ လူနာကယ်ဆယ်ခြင်း၊ ရေရောင်စုံပက်ဖျန်းသရုပ်ပြသခြင်း၊ စက်လှေများစီတန်း၍ အလေးပြုခြင်းများ ဆောင်ရွက်သည်။



ထို့နောက် အခမ်းအနားတက်ရောက် လာသူများက မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများကို ကြည့်ရှုကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ခရိုင်မီးသတ်တပ်ဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်ရှစ်သိန်းချီးမြှင့်ရာ ခရိုင်မီးသတ်ဦးစီးမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ရေဦးသာ**

# လူငယ်များဖတ်ရှုသင့်သော အတ္ထုပ္ပတ္တိစာပေ

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

**“လူငယ်များသည် အတ္ထုပ္ပတ္တိစာအုပ်များ ဖတ်ရှုလေ့လာခြင်းဖြင့် ဘဝသင်ခန်းစာများ ရရှိနိုင်မည်ဖြစ်သည်။ ခေတ်အဆက်ဆက်တွင်ရှိသော လူအမျိုးမျိုး၊ ဘဝအထွေထွေကို သိမြင်နားလည်လာမည်ဖြစ်သည်။ လောကဓံ၏ အကောင်းအဆိုးကို သုံးသပ်ခြင်းဖြင့် မိမိ၏ ဉာဏ်အမြော်အမြင်ဖြင့် ရှေ့ဘဝခရီးလျှောက်လှမ်းရေးကို အသိအမြင်သစ်များ ရရှိလာမည်ဖြစ်သည်။ ထို့ပြင် အတ္ထုပ္ပတ္တိပါ အပြောအဆို၊ စရိုက်လက္ခဏာများကို အတုယူခြင်းဖြင့် လူငယ်များသည် ယဉ်ကျေးလိမ္မာသော နိုင်ငံ့သားကောင်းများဖြစ်အောင် ပြင်ဆင်နိုင်မည်”**

လူငယ်များအတွက် စာပေဖတ်ရှုလေ့လာခြင်းသည် ကောင်းမွန်သောဝါသနာတစ်ခုဖြစ်သည်။

လူငယ်များသည် မိမိတို့ဘဝဖြတ်သန်းမှုနှင့် စာဖတ်ဝါသနာပေါ်မူတည်ပြီး အပျော်ဖတ်စာပေမှသည် သုတ၊ ရသ စာပေများကို ရှာဖွေဖတ်ရှုနိုင်သည်။ သုတစာပေသည် အသိဉာဏ်အတွေးအခေါ်နှင့် ဗဟုသုတအဖြာဖြာကို ရရှိစေသကဲ့သို့ ရသစာပေသည် စိတ်ခံစားမှုနှင့်အတူ အသိဉာဏ်ကို လင်းလက်စေသည်။ အတွေးအိုင်ဒီယာများကို ကွန့်မြူးစေသည်။ လူငယ်များဖတ်ရှုသင့်သော စာပေအမျိုးအစားများစွာအနက် အတ္ထုပ္ပတ္တိစာပေသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အတ္ထုပ္ပတ္တိစာပေအရေးအသားများတွင် သုတကိုရရှိစေသကဲ့သို့ ရသစာပေသဘောကိုလည်း ခံစားနိုင်သည်။ စင်စစ်အတ္ထုပ္ပတ္တိဟူသည် လူတစ်ဦးတစ်ယောက်၏ ဘဝအကြောင်း အသေးစိတ်ဖော်ပြချက်ဖြစ်သည်။ လူတစ်ဦး၏ ဘဝအတွေ့အကြုံများကို ဘဝအဖြစ်အပျက်များဖြင့် ဖော်ကျူးပုံဖော်ရေးသားကြသည်။ အတ္ထုပ္ပတ္တိစာပေတွင် ပညာရေး၊ အလုပ်နှင့် လူမှုဆက်ဆံရေး၊ အတွေးအခေါ်များကို လေ့လာသိရှိနိုင်သည်။ ဘဝရှုထောင့်အမျိုးမျိုးကို အသေးစိတ်ဖွဲ့သီထားသည်။ စာရေးသူ၏ ဘဝဇာတ်ကြောင်း၊ ရုပ်ပုံလွှာ၊ မိတ်ဆွေများနှင့် ခေတ်ကာလ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို မီးမောင်းထိုးပြထားသည်။

အတ္ထုပ္ပတ္တိစာပေတွင် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိနှင့် အခြားသူများက ရေးသားပြုစုသော အတ္ထုပ္ပတ္တိများရှိသည်။ အချို့အတ္ထုပ္ပတ္တိစာအုပ်များက အများအားဖြင့် စိတ်ကူးယဉ်မဟုတ်သော်လည်း လူတစ်ဦး၏ဘဝကိုပုံဖော်ရန်အတွက် ရသစာပေကို အသုံးပြုနိုင်သည်။ ဥပမာအားဖြင့် ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက ဖတ်ရှုခဲ့သော စာရေးဆရာသော်တာဆွေ၏ “ကျွန်တော့်ဘဝဇာတ်ကြောင်း” များသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ရသဟန်ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်သည်။ ကျွန်တော်တို့ လူငယ်ဘဝက အတ္ထုပ္ပတ္တိများစွာကို ဖတ်ခဲ့ရသည်။ ကျွန်တော်ကိုယ်တိုင်လည်း Direct from Dell အမည်ရှိ Michael Dell (မိုက်ကယ်ဒဲလ်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ) စာအုပ်ကို ၂၀၁၁ ခုနှစ်က ဘာသာပြန်ခဲ့ဖူးသည်။ မိုက်ကယ်ဒဲလ်သည် ပါစင်နယ်ကွန်ပျူတာများ၏ ဖန်တီးရှင်ဖြစ်သည်။ ယင်းစာအုပ်တွင် Dell လုပ်ငန်း၏အောင်မြင်မှုလျှို့ဝှက်ချက်များကို ရေးသားထားရာ လူငယ်များအနေဖြင့် အတုယူမှတ်သားဖွယ်ရာ ရရှိနိုင်သည်။ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိများကို ဖတ်ရှုခြင်းဖြင့် လူငယ်များတွင် စွန့်ဦးတီထွင်လုပ်ငန်းရှင်များဖြစ်အောင် မည်သို့နည်းနာယူရမည်ကို သိရှိမှတ်သားနိုင်မည်ဖြစ်သည်။

အခြားသူရေးသော အတ္ထုပ္ပတ္တိစာပေများကို မြန်မာစာပေလောကတွင် လူငယ်များလေ့လာသိရှိနိုင်သည်။ ဆရာဒဂုန်တာရာ ရေးသားသော “အောင်ဆန်း (သို့) အရိုင်း” ကို စိတ်ဝင်စားဖွယ်တွေ့ရှိနိုင်သည်။ စာရေးဆရာမင်းယုဝေပြုစုသော “ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာပုဂ္ဂိုလ်ကျော်(၂၀)” စာအုပ်သည် လူငယ်များဖတ်ရှုသင့်သော စာအုပ်ဖြစ်သည်။ နိုင်ငံရေးစာပေနှင့်ပတ်သက်သော အတ္ထုပ္ပတ္တိများတွင် ဆရာကြီးရွှေဥဒေါင်း၏ အေဘရာဟမ်လင်ကွန်းစာအုပ်တွင် လင်ကွန်း၏ အမေရိကန်နိုင်ငံထူထောင်ရေးကြိုးပမ်းမှုများကို လေ့လာသိရှိနိုင်သည်။ ဆရာကြီးဒေါက်တာ သန်းထွန်း၏ “ကျော်စွာ ၁၀၀” စာအုပ်သည် စာကြည့်တိုက်နှင့် ကိုယ်ပိုင်စာအုပ်စင်များထားရှိရမည့် စာအုပ်များဖြစ်ရာ လူငယ်များအနေဖြင့် ဗဟုသုတဆည်းပူးဖွယ်ရာ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ယနေ့ထက်တိုင် ဘယ်အခါဖတ်ဖတ် ကျွန်တော်စွဲမြဲနေသော စာအုပ်ကား ဆရာကြီးရွှေဥဒေါင်း၏ “တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ” ဖြစ်သည်။ ခေါက်ရာဌက်ပျံသကဲ့သို့ လူ့ဘဝ၏ အနိမ့်အမြင့်လောကဓံသဘာဝကို ယင်းစာအုပ်ကိုဖတ်ရင်း ခံစားမိသည်။

လူငယ်များသည် အတ္ထုပ္ပတ္တိစာအုပ်များ ဖတ်ရှုလေ့လာခြင်းဖြင့် ဘဝသင်ခန်းစာများရရှိနိုင်မည်ဖြစ်သည်။ ခေတ်အဆက်ဆက်တွင်ရှိသော လူအမျိုးမျိုး၊ ဘဝအထွေထွေကို သိမြင်နားလည်လာမည်ဖြစ်သည်။ လောကဓံ၏ အကောင်းအဆိုးကို သုံးသပ်ခြင်းဖြင့် မိမိ၏ဉာဏ်အမြော်အမြင်ဖြင့် ရှေ့ဘဝခရီးလျှောက်လှမ်းရေးကို အသိအမြင်သစ်များ ရရှိလာမည်ဖြစ်သည်။ ထို့ပြင် အတ္ထုပ္ပတ္တိပါ အပြောအဆို၊ စရိုက်လက္ခဏာများကို အတုယူခြင်းဖြင့် လူငယ်များသည် ယဉ်ကျေးလိမ္မာသော နိုင်ငံ့သားကောင်းများ ဖြစ်အောင် ပြင်ဆင်နိုင်မည်။

ကျွန်တော်တို့ငယ်စဉ်က စာဖတ်ဝါသနာပါရင်း အတ္ထုပ္ပတ္တိစာအုပ်များစွာကို ရှာဖွေဖတ်ရှုခဲ့ရသည်။ ယနေ့ထိ စွဲမြဲနေသောစာအုပ်မှာ ဂျာနယ်ကျော် မမလေး၏ “သူလိုလူ” ဖြစ်သည်။ ဆရာတင်ညွန့်၏ ကျောင်းဆရာမှတ်တမ်းသည် ၂၀၁၇ အတွက် အမျိုးသားစာပေဆု(စာပဒေသာဆု)ကို ထိုက်ထိုက်တန်တန်ရရှိခဲ့သည်။ အတ္ထုပ္ပတ္တိမှတ်တမ်းနှင့် ခရီးသွားကိုဖော်ညွှန်းသော “နိုင်းနိုင်းစနေ” ၏ “မသွားရရင်သေနိုင်တယ်” စာအုပ်တွင် Yusuke Ishida ဆိုသူသည် သူဖြစ်ချင်သောအရာကို တကယ်ဖြစ်အောင် လုပ်ပြသွားခဲ့သည်။ စိတ်ဆန္ဒပြင်းပြလွန်းလျှင် မည်သည့်အရာမဆို လက်တွေ့အောင်မြင် စွမ်းဆောင်နိုင်ကြောင်း အသိတရားကို လူငယ်များ ခံစားရရှိနိုင်သည်။ အတ္ထုပ္ပတ္တိစာအုပ်များကို ဘာသာပြန်သော စာအုပ်များက အခြားနိုင်ငံမှဖြစ်ရပ်များ၊ လူများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝအဖြာဖြာကို ဗဟုသုတရရှိစေသလို ရသကိုလည်း ခံစားနိုင်မည်ဖြစ်သည်။

စင်စစ်အတ္ထုပ္ပတ္တိဟူသည် ပါဠိစကားလုံးဖြစ်သည်။ အနက်အဓိပ္ပာယ်မှာ “အကြောင်းအရာ၏ ဖြစ်ခြင်း”ဟု အဓိပ္ပာယ်ရသည်။ ယင်းပါဠိစကားလုံးကို အခြေခံ၍ မြန်မာစာပေတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ဘဝဖြစ်ရပ်အား ရေးသားတင်ပြသောစာပေအမျိုးအစားကို အတ္ထုပ္ပတ္တိဟု ယေဘုယျအားဖြင့် ခေါ်ကြသည်။ တစ်နည်းအားဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝနှင့်စရိုက်ကို ဖော်ပြသည့် စာသည် အတ္ထုပ္ပတ္တိပင်ဖြစ်သည်။ အတ္ထုပ္ပတ္တိသည် စာပေ၏အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည်။

အတ္ထုပ္ပတ္တိစာပေများကို ရေးနည်းရေးဟန်နှင့် ပုံစံအနေအထားအရ လေးမျိုးခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ ရိုးရိုးအတ္ထုပ္ပတ္တိဖြစ်သည်။ ဥပမာအားဖြင့် ဦးဖိုးကျား၏ ဦးပုညအတ္ထုပ္ပတ္တိ၊ မဟာဆွေ၏ ရှေးခေတ်သတင်းစာဆရာကြီးဘိုးဝဇီရ အတ္ထုပ္ပတ္တိ (၁၉၆၇ ခုနှစ်)၊ ဒဂုန်တာရာ၏ ရုပ်ပုံလွှာ၊ လူထုဒေါ်အမာ၏ပြည်သူချစ်သောအနုပညာသည်များ (၁၉၆၈ ခုနှစ်) တို့ပင်ဖြစ်သည်။ ဒုတိယအမျိုး အစားမှာ မိမိ၏ ဘဝဖြစ်ရပ်ကို မိမိကိုယ်တိုင်ရေးသားသော “ကိုယ်ရေးအတ္ထုပ္ပတ္တိ”မျိုးဖြစ်သည်။ ဥပမာအား ဖြင့် ပီမိုးနင်း၏ ပီမိုးနင်း၊ မဟာဆွေ၏ မဟာဆွေ၊ မန်းတင်၏ ပထမအရွယ်၊ တင့်တယ်၏ တင့်တယ်၊ ရန်အောင်၏ နှစ်လေးဆယ်စာပေခရီး စသည်တို့ဖြစ်သည်။

တတိယအတ္ထုပ္ပတ္တိအမျိုးအစားမှာ ဝတ္ထုသဘောပါသော အတ္ထုပ္ပတ္တိဖြစ်သည်။ ယင်းအမျိုးအစားမှာ ရိုးရိုးအတ္ထုပ္ပတ္တိကိုရေးသားရာတွင်ဖြစ်စေ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးသားရာတွင်ဖြစ်စေ ရိုးရိုးစင်းစင်း မရေးဘဲ စာရေးဆရာ၏စိတ်ကူးကိုထည့်ပြီးရေးသားသည့် နည်းလမ်းမျိုးဖြစ်ရာ ဝတ္ထုသဘောဆန်သည်။ ရသသဘောဆန်သည်။ ဥပမာပြရသော် သိန်းဖေမြင့်၏ ဆရာလွန်းအတ္ထုပ္ပတ္တိ(၁၉၃၇ခုနှစ်)၊ တိုက်စိုး၏ မော်ဘီဆရာသိန်း၊ ဦးသော်ဇင်၏ ရွှေမန်းတင်မောင် စသည်တို့ဖြစ်သည်။

စတုတ္ထအတ္ထုပ္ပတ္တိအမျိုးအစားမှာ မှတ်တမ်းသဘောပါသော အတ္ထုပ္ပတ္တိဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးဦး၏ ဘဝတစ်လျှောက်တွင် ဖြစ်ပျက်သည့် စိတ်ဝင်စားဖွယ် အဖြစ်အပျက်တစ်ကွက်ကိုဖြစ်စေ၊ တစ်ကွက်ထက်ပိုမိုသော အဖြစ်အပျက်ကိုဖြစ်စေ ရေးသားတင်ပြသည့် အတ္ထုပ္ပတ္တိမျိုးဖြစ်သည်။ ဤပုံစံဖြင့် ရေးသားကြရာတွင် စာရေးဆရာသည် မိမိအကြောင်းအပြင် သူတစ်ပါးအကြောင်းကိုလည်း မှတ်တမ်းသဘောရေးသားလေ့ရှိသည်။ ဤသို့ ရေးသားသူသည် စာရေးဆရာ ကိုယ်တိုင်ဖြစ်နိုင်သလို အခြားပုဂ္ဂိုလ်တစ်ဦးကလည်း ရေးသားခြင်းဖြစ်နိုင်သည်။ မှတ်တမ်းသဘော အတ္ထုပ္ပတ္တိသည် ဘဝ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုခုအကြောင်း ရေးသားခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ဥပမာအားဖြင့် သိပ္ပံမောင်ဝ၏ အောက်စဖို့ဒ်တက္ကသိုလ် မှတ်တမ်း၊ သခင်တင်မြ၏ ဘုံဘဝမှာဖြင့်၊ ဗိုလ်မှူးချစ်ကောင်း၏ အနှစ်နှစ်ဆယ်၊ သခင်နု၏ ငါးနှစ်ရာသီမြန်မာပြည်၊ ဗိုလ်တာရာ၏ ရဲဘော်သုံးကျိပ်ပြည်တော်ပြန် စသည်တို့ဖြစ်သည်။

အတ္ထုပ္ပတ္တိစာအုပ်များတွင် အတ္ထုပ္ပတ္တိရှင်၏ အမျိုးအစားကိုမူတည်၍ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်၊ နိုင်ငံရေးဆိုင်ရာပုဂ္ဂိုလ်၊ ရာဇဝင်ဆိုင်ရာပုဂ္ဂိုလ်၊ လူမှုရေးဆိုင်ရာပုဂ္ဂိုလ်၊ ပညာရေးဆိုင်ရာပုဂ္ဂိုလ်၊ စာပေပညာရှင်၊ သိပ္ပံပညာရှင်၊ အတွေးအခေါ်ပညာရှင်၊ အနုပညာရှင်စသည်ဖြင့် ခွဲခြားသတ်မှတ်နိုင်သည်။ မြစေတီကျောက်စာ၌ ကျန်စစ်မင်းနှင့် သားတော်၏ အကြောင်း အတ္ထုပ္ပတ္တိကိုရေးထိုးထားသောကြောင့် မြန်မာစာ၏အစကနဦးဖြစ်သော မြစေတီကျောက်စာသည်ပင် မြန်မာအတ္ထုပ္ပတ္တိစာပေ၏အစဟု ဆိုထိုက်ပေသည်။ မြန်မာစာပေတွင် အတ္ထုပ္ပတ္တိပေါင်းချုပ်များကိုလည်း လေ့လာဖတ်ရှုနိုင်သည်။ ဥပမာ မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ မင်းယုဝေ၏ ပထမမြန်မာများ၊ တိုက်စိုး၏ မင်းနှင့်စာဆို စသည်တို့ဖြစ်သည်။

အတ္ထုပ္ပတ္တိပြုစုရေးသားခြင်းသည်အချက်အလက်များကို စုဆောင်းရသည်။ ဖွဲ့စည်းရသည်။ အချက်အလက်များဖွဲ့စည်းရာတွင် ဖြစ်ပေါ်တတ်သော ပြဿနာများ၊ သမိုင်းအကိုးအကားရှာဖွေခြင်း စသည်တို့ပါဝင်သည်။ အနောက်နိုင်ငံများတွင် အတ္ထုပ္ပတ္တိရေးသားရာ၌ စိတ်ဝင်စားဖွယ်ကောင်းသောအချက်မှာ အတ္ထုပ္ပတ္တိကို လူပုဂ္ဂိုလ်တစ်ဦးက ရေးပြီးသော်လည်း နောက်ထပ်တစ်ဦးက ထိုအကြောင်းကို ထပ်မံရေးသားခြင်းဖြစ်သည်။ ဥပမာပြရသော် အမေရိကန်သမ္မတလင်ကွန်း၏ အတ္ထုပ္ပတ္တိများကို စာရေးဆရာပေါင်းများစွာက ရေးသားခဲ့ခြင်းမျိုးဖြစ်သည်။


ထို့ကြောင့် လူငယ်များအနေဖြင့် အတ္ထုပ္ပတ္တိအမျိုးမျိုးကို လေ့လာဖတ်ရှုသင့်ပါသည်။ အတ္ထုပ္ပတ္တိများသည် လူငယ်များအား စိတ်ကူးဉာဏ်ကွန့်မြူးတတ်ရန် လှုံ့ဆော်ပေးသည်။ လူတစ်ဦး၏ ဘဝခရီးတိုးတက်မှု၊ အောင်မြင်မှု၊ ကြိုးစားရုန်းကန်မှုများကို သိရှိနားလည်ပြီး အတုယူတတ်လာမည်။ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာဗဟုသုတများ ရရှိနိုင်သည်။ အခြားသူများ၏ အတွေ့အကြုံများကို ဖတ်ရှုမိခြင်းဖြင့် မတူညီသော ရှုထောင့်အမြင်များကို ရရှိနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် လူငယ်များသည် အတ္ထုပ္ပတ္တိစာပေများကို ပိုမိုလေ့လာလေလေ ထိုးထွင်းသိမြင်နိုင်မှု ပိုမိုရရှိလာလေလေဖြစ်ပေသည်။ ။

---

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

**မာတင်ဖဲ**

ဂျွန် = “ငါ့ဇနီးနဲ့ ငါဟာ အပေးအယူမျှသကွ”
ပီတီ = “အိုး… တကယ်ပဲလားဟ”
ဂျွန် = “အေး… ငါကပေးတယ် သူက ယူတယ်လေကွာ”




အင်နီတက္ကသိုလ်တက်တဲ့အခါ သူ့ရဲ့မိဘတွေက သူ့ကို ခေတ်မီမီ(စတိုင်နဲ့) ပို့ဖို့ ဆုံးဖြတ်ထားတယ်။ ဒါကြောင့် တက္ကသိုလ်ဝင်းခြံထဲ မောင်းဝင်နိုင်ဖို့ သူတို့က တောက်ပတဲ့ ပြိုင်ကားတစ်စီးကို ဝယ်လိုက်တယ်။ သူ့ရဲ့ ပထမနေ့ မနက်ပိုင်းမှာ သူထွက်သွားတာကို သူတို့က တွေ့လိုက်ရပြီး ညနေပိုင်း သူနောက်ကျပြန်လာမယ့်အချိန်ကို ငြိမ်ငြိမ်သက်သက်နဲ့ပဲ စောင့်နေကြတယ်။

အင်နီတစ်ယောက် အိမ်ဝင်လမ်းအတိုင်း မောင်းဝင်လာတာ နဲ့ တစ်ပြိုင်နက် စိတ်လှုပ်ရှားနေကြတဲ့ သူ့မိဘတွေက အပြင် ထွက်ပြီး မေးကြတယ်။

“တက္ကသိုလ်ဟာ ဘယ်လိုလဲ မင်းသဘောတွေ့ရဲ့လား”

“သမီးမသိဘူး၊ ကားရပ်ထားဖို့ တစ်နေရာတောင် ဘယ်လိုမှ ရှာမတွေ့ခဲ့ပါဘူး” သူက အဖြေပေးရင်း မျက်ရည်ဖြိုင်ဖြိုင် ကျရှာတယ်။





★ ကျောဖုံးမှ

အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၆ ပေခန့်ရှိနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။




မိုး/ဇလ

# လှည်းကူးမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဝါးရုံစွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဘုံသာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် တစ်ပါး၊ ဒေသခံပြည်သူ ၈၀ တို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းတိုက် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်





YRG အသင်းနှင့် VUC အသင်း ယှဉ်ပြိုင်နေစဉ်။

# Futsal Champion Cup 2025 ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် TG United၊ MIU၊ YRG နှင့် Winner Generations အသင်းတို့ အနိုင်ရ

ရန်ကုန် ဇူလိုင် ၂၂

Futsal Champion Cup 2025 ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၂၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ TG United၊ MIU၊ YRG နှင့် Winner Generations အသင်းတို့အနိုင်ရပြီး ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

လက်ရှိချန်ပီယံ MIU အသင်းသည် အချိန်ပိုအထိရောက်ခဲ့သော်လည်း အချိန်ပိုတွင် အနိုင်ဂိုးများသွင်းကာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။ ပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် YRG အသင်းမှာလည်း ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ ကွာတားဖိုင်နယ်ပွဲများတွင် TG United အသင်းက JZ Yangon အသင်းကို လေးဂိုး-တစ်ဂိုး၊ MIU အသင်းက M2K အသင်းကို အချိန်ပိုတွင် သုံးဂိုး-တစ်ဂိုး၊ YRG အသင်းက VUC အသင်းကို လေးဂိုး-တစ်ဂိုး၊ Winner Generations အသင်းက YCDC MHDT အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲများကို ဇူလိုင် ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး TG United အသင်းနှင့် MIU အသင်း၊ YRG အသင်းနှင့် Winner Generations အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MFF

# အက်ကီတီကီအား ပေါင် ၆၉ သန်းဖြင့် ခေါ်ယူရန် လီဗာပူးအသင်း သဘောတူညီမှုရရှိ

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဖရန့်ဖက်အသင်းတိုက်စစ်မှူး ဟူဂိုအက်ကီတီကီကို ကနဦးပြောင်းရွှေ့ကြေးပေါင် ၆၉ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိတိုက်စစ်မှူး အက်ကီတီကီဟာ လီဗာပူးအသင်းကို ပြောင်းရွှေ့ကစားရန်အတွက် ကျန်းမာရေးဆိုင်ရာဆေးစစ်မှုတွေ ပြုလုပ်ဖို့ ဇူလိုင် ၂၂ ရက်မှာ ဗြိတိန်နိုင်ငံသို့ ရောက်ရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။

ဖရန့်ဖက်အသင်း ကတော့ တိုက်စစ်မှူး အက်ကီတီကီရဲ့ စာချုပ်ကိစ္စနဲ့ပတ်သက်ပြီး ကနဦးပြောင်းရွှေ့ကြေး ၆၉ သန်းနဲ့ ထပ်ဆောင်းချီးမြှင့်ငွေပေါင် ၁၀ သန်းတို့ကို ရရှိဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။

တိုက်စစ်မှူး အက်ကီတီကီအနေနဲ့ လီဗာပူးအသင်းနဲ့အတူ ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုဖို့ စီစဉ်လျက်ရှိပြီး ယခု သီတင်းပတ်နှောင်းပိုင်းမှာ ယှဉ်ပြိုင်ကစားမယ့် လီဗာပူးအသင်းရဲ့ ရာသီအကြို အာရှခရီးစဉ်တွေမှာလည်း ပါဝင်ကစားခွင့်ရရှိဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။

လီဗာပူးအသင်းရဲ့ ပရီမီယာလိဂ်ပြိုင်ဘက် နယူးကာဆယ်အသင်းကလည်း တိုက်စစ်မှူး အက်ကီတီကီကို ခေါ်ယူဖို့ ပေါင်သန်း ၇၀ နဲ့ ကမ်းလှမ်းမှုတွေ ပြုလုပ်ထားခဲ့ပေမယ့် ဖရန့်ဖက်အသင်းရဲ့ ငြင်းပယ်မှုကို ခံခဲ့ရတာဖြစ်ပါတယ်။ တိုက်စစ်မှူး အက်ကီတီကီဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ဖရန့်ဖက်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၃၁ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ငွေကြယ်



# ၂၀၂၅ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် ဇူလိုင် ၂၂

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "အနာဂတ်ကမ္ဘာ စိမ်းလန်းစိုပြည်ဖို့ တစ်ပင်စိုက် တစ်ပင်ရှင်သန်အောင် အလေးထားဆောင်ရွက်စို့" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဇူလိုင်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ခင်မောင်အေးတို့၏ "အနာဂတ်ကမ္ဘာ စိမ်းလန်းစိုပြည်ဖို့ တစ်ပင်စိုက် တစ်ပင်ရှင်သန်အောင် အလေးထားဆောင်ရွက်စို့" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ညီမော်သိမ်း၊ ဝင်းထွဋ်ဦးတို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ ရွှေသင်(MPP)၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ မြသဲ (သုတေသန)၊ မြသိန်း၊ ရှင်စောဖြူတို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ရဲထက်ဇော်၊ မြင့်မောင် (Phil-Q) တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ နေ၏ လူကုန်ကူးမှုဆိုင်ရာဆောင်းပါး၊ ဇွန်ရွှေထိုက်၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာသန်းထွဋ်၊ စိုးစိုး (ပန်းတောင်း)၊ ကိုကိုအောင်(အလုပ်သမား)တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ပါမောက္ခဦးသိန်းလှိုင်၊ ကြည်လွင်ဦး(ရေနံ)၊ ထက်ဝေအောင်(စစ်ကိုင်း)၊ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)၊ ဆောင်းဝင်းလတ်၊ စိန်ဝင်းမော်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် စာအုပ်ဆိုင် ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်




## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ဦးပိုင်အမှတ်-၅/၁၁(ခဲစင်း)၊ ၁၂x၁၃လမ်းကြား၊ ၈၁x၈၂လမ်းကြားရှိ ဦးဟူစိန်နီး ပါ (၅)ဦးအမည်ပေါက်ဂရန်မြေကွက်အား အောင်မြေသာစံမြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၇/၂၀၁၁)၊ တရားမဇာရီမှုအမှတ်(၇/၂၀၁၈) တို့အရ လေလံတင်ရောင်းချခဲ့ရာ လေလံဆွဲဝယ်ယူသူများဖြစ်သော ဦးကျော်စွာဝင်း [၁၃/လရန(နိုင်)၁၄၈၄၉၂]၊ ဒေါ်ထက်သဉ္ဇာအောင် [၁၃/လရန(နိုင်) ၁၈၄၅၇၈] တို့က တရားရုံးအမိန့်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အလက(ခွဲ) ငါးကြီးကွေ့ကျောင်း Grade-8 မှ မောင်ရှိန်းဇာနည်မင်း ၏ ဖခင် ဦးစိုးစိုး(ခ)ဦးမင်းမင်းစိုး [၇/ရတရ(နိုင်)၁၁၄၁၇၄]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစိုးစိုး(ခ)ဦးမင်းမင်းစိုး**

## စာအုပ်စာပေလူ့မိတ်ဆွေ

### ❖ အာဆီယံမှ

မြန်မာအသင်းနည်းပြချုပ် ကူရိုဆာကီသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဟိန်းထက်စိုး (ဂိုး)၊ မြတ်ဖုန်းခန့်၊ စခန့်ချော၊ ထူးဝေယံ၊ ခန့်ဇင်ဟိန်း၊ အာကာကျော်၊ မိုးဆွေ၊ ဇော်ဝင်းသိန်း၊ ရှိုင်းဂဏ္ဏအောင်၊ မင်းမော်ဦး၊ သန်းတိုးအောင်တို့ကို အသုံးပြုခဲ့သည်။ ထိုင်းအသင်းသည် အရေးနိမ့်လျှင်ပင် နောက်တစ်ဆင့်တက်ခွင့်ရှိနေသော်လည်း အကောင်းဆုံးကြိုးစားခဲ့ပြီး မြန်မာအသင်း ခံစစ်အမှားနည်းသဖြင့် ဂိုးမသွင်းနိုင်ဘဲ သရေကျခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပပြီး အုပ်စုပထမနေရာရ သုံးသင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်းသာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး အုပ်စု (က) တွင် အင်ဒိုနီးရှားအသင်းက ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ အုပ်စု (ခ) တွင် ဗီယက်နမ်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ အုပ်စု (ဂ) တွင် ထိုင်းအသင်းက လေးမှတ်ဖြင့် အုပ်စုပထမရရှိခဲ့သည်။ အကောင်းဆုံးအုပ်စု ဒုတိယနေရာအတွက် တွက်ချက်ရာတွင် လေးသင်းပါဝင်သော အုပ်စု (က) တွင် အောက်ဆုံးရပ်တည်သည့် ဘရူနိုင်းအသင်းနှင့် တွေ့ဆုံသည့်ရလဒ်ကို ပယ်ဖျက်ကာ အုပ်စု (က) မှ ဖိလစ်ပိုင်အသင်းက သုံးမှတ်၊ အုပ်စု (ခ) မှ ကမ္ဘောဒီးယားအသင်းက တစ်မှတ်၊ အုပ်စု (ဂ) မှ မြန်မာအသင်းက နှစ်မှတ်ရရှိပြီး သုံးမှတ်ရရှိသည့် ဖိလစ်ပိုင်အသင်းက အကောင်းဆုံးအုပ်စုဒုတိယဖြင့် နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်း၊ အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်းတို့ တွေ့ဆုံနေသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-FAT**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## အမည်ပြောင်း

(ဘ) ဦးစိုင်းနေထွန်းလင်း[၉/စကတ(နိုင်)၀၀၀၀၉၇]၏ သားဖြစ်သူ စိုင်းထူးမြတ်ကျော်[၉/အမရ(နိုင်)၂၀၂၁၀၄]အား **စိုင်းသုတလင်းစံ** ဟု လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စာတိုးရွာ အမှတ်(၇)ပညာလမင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း Grade-5 မှ သမီးဖြစ်သူ နန်းထက်ဝင့်သီရိ အား **နန်းနေခြည်ဝင့်ထည်** ဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။ **စိုင်းသုတလင်းစံ၊ နန်းနေခြည်ဝင့်ထည်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ - ၁ နှင့် ၅)
## ခရမ်းမြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်(၂)

| | | |
|---|---|---|
| ဒေါ်ဝင်းဝင်းခိုင် | နှင့် | ၁။ မောင်ဝင်း<br>၂။ မငို<br>၃။ မပပဝင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အောင်ချမ်းသာကျေးရွာနေ (၁) တရားပြိုင် မောင်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "(၄-၂-၂၀၂၂)ရက်စွဲပါ ဝန်ခံကတိစာချုပ်အရ ငွေသိန်း(၇၀)ကျပ်နှင့် နစ်နာကြေးငွေ သိန်း(၃၀)ကျပ်၊ စုစုပေါင်း ကျပ်သိန်း(၁၀၀) ရလိုမှု(သို့မဟုတ်)(၄-၂-၂၀၂၂)ရက်စွဲပါ ဝန်ခံကတိစာချုပ်အရ ခြံမြေအား လက်ရောက်ပေးအပ်စေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၉)ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း(၅)ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က ကြိုတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၅)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်သူဟိန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ခရမ်းမြို့နယ်တရားရုံး**

## "အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ လူနေရပ်ကွက်အမှတ်-တ/၁၅၊ အောင်သုခလမ်းသွယ်၊ ပန်းခြံ(၁၉)၊ မြေကွက်အမှတ်-၁၅၉(က)၊ ပါမစ်အမည်ပေါက် ဦးဝင်းအေး(A/RGN-၀၀၉၂၈၆)၊ အလျားx အနံ (၂၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူဖြစ်သော ဒေါ်စိုးစိုးရီ[၇/ဒဥန(နိုင်)၁၃၄၂၆၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသိန်း [၁၂/အစန(နိုင်)၁၀၈၄၀၅]က အပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန်းစန်းတင့် [LL.B, D.B.L, D.I.L, WIPO(Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၂၈)**
**တိုက်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၈၉၁၆၃၅၅၉၂၊ ၀၉-၄၂၀၄၈၈၀၂၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်-၁/အနော်မာ၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၄၈၆)၊ အနော်မာအရှေ့(၁၁)လမ်း၊ ဦးထွန်းကြည်+၂ အမည်ပေါက် နှစ်(၆၀)ဂရန်၊ မြေအကျယ် (၄၀ပေx၆၀ပေ) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေအကျယ်(၁၀ပေx၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိစီမံခန့်ခွဲလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မင်းထွန်း[၁၂/သကတ(နိုင်)၀၀၁၇၀၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးစိုးဝင်း[၁၂/တမန(နိုင်)၀၈၀၅၈၅]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးမျိုးဆွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၅၁)**
**ဖုန်း-၀၉-၂၅၁၀၃၁၄၁၀**
**အမှတ်-င/၂၄၅(ပထမထပ်)၊ လေးထောင့်ကန်လမ်း၊ ဈ/မြောက်ရပ်ကွက်၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွာမရပ်ကွက်၊ ပိတောက်လမ်း/သာသနာ့ယာမကျောင်းလမ်း၊ အကျယ်အဝန်း(အလျားပေ $\frac{၅၀}{၆၇}$ x အနံပေ $\frac{၃၄}{၂၈}$)ရှိ အမှတ်($\frac{YMQ(1)}{005}$)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်ကလျာစိုး [၁၂/အစန(နိုင်)၀၆၉၆၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေထားပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၃/၂၀၁၇)**
**အမှတ်-၈၃/၁၀(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-402698729**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၆)၊ ဦးပိုင်အမှတ်(၇၀+၇၁+၇၂-က+၇၃+၆၉+၇၄) အတွင်းမှ (၇၃+၇၄+၇၂-က)ခဲစင်း၊ ၈၄လမ်း၊ ၄၂x၄၅လမ်းကြားရှိဦးစောခင်လင်း (ခ) ဦးတင်မြင့်၊ ဦးစောကျန်ဆောင် (ခ) ဦးမြင့်ဝေ၊ ဦးစောရှိန်ကေ (ခ) ဦးသောင်းမြင့်တို့ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၉၂၁/၂၀၂၄နှင့် ၁၉၂၂/၂၀၂၄)တို့ဖြင့် အမွေဆက်ခံခဲ့သော ဦးစောခင်လင်း (ခ) ဦးတင်မြင့်၊ ဒေါ်စန်းရီ၊ ဦးအောင်မောင်ဦးတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၃၆၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးခင်မောင်အေး [၉/မရမ(နိုင်) ၀၂၈၀၅၆]က အမှုတွဲအမှတ်(၀၁၈၁/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၆)၊ ဦးပိုင်အမှတ်(၇၀+၇၁+၇၂-က+၇၃+၆၉+၇၄) အတွင်းမှ (၆၉+၇၀+၇၁)ခဲစင်း၊ ၈၄x၈၅ကြား၊ ၄၂x၄၅လမ်းကြားရှိဦးစောခင်လင်း (ခ) ဦးတင်မြင့်၊ ဦးစောကျန်ဆောင်(ခ) ဦးမြင့်ဝေ၊ ဦးစောရှိန်ကေ(ခ) ဦးသောင်းမြင့်တို့ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၉၂၁/၂၀၂၄နှင့် ၁၉၂၂/၂၀၂၄)တို့ဖြင့် အမွေဆက်ခံခဲ့သော ဦးစောခင်လင်း(ခ) ဦးတင်မြင့်၊ ဒေါ်စန်းရီ၊ ဦးအောင်မောင်ဦးတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၃၆၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြူဖြူဆွေ [၁၂/ဗတထ(နိုင်) ၀၂၂၉၆၁]က အမှုတွဲအမှတ်(၀၁၈၀/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၃၈)၊ ဧရိယာအကျယ်အဝန်း(၁၂၅၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်၊ မြေကွက်တည်နေရာအမှတ်(၃၀၈)၊ နွယ်နီ(၄)လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်ရှိ မြေအကျယ်အဝန်း(၂၅ပေx၅၀ပေ)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၅)ထပ်တိုက်ရှိ(၁၂ $\frac{၁}{၂}$ ပေx၅၀ပေ)စီရှိသည့် (ပထမထပ်မှန်ခန်း) (ဝဲ+ယာ)တိုက်ခန်း(၂)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် - $\frac{၂၈၀၉/၁၃}{၅-၈-၂၀၁၃}$ ဖြင့် ဒေါ်အေးဖွား၏ သားသမီး(၆)ဦးများဖြစ်ကြသော ဒေါ်ကြည်ကြည်စန်း [၁၂/ဒပန(နိုင်)၀၄၅၁၈၃]၊ ဒေါ်အေးအေးသန်း [၁၂/ဒပန(နိုင်)၀၃၁၀၉၈]၊ ဦးစန်းလှိုင် [၁၂/ဒပန(နိုင်)၀၃၃၆၀၃]၊ ဒေါ်အေးအေးခိုင်[၁၂/ဒပန(နိုင်)၀၃၁၀၉၉]၊ ဒေါ်အေးအေးနိုင်[၁၂/ဒပန(နိုင်)၁၃၁၁၁၆]၊ ဒေါ်အေးအေးချစ် [၁၂/ဒပန(နိုင်) ၀၃၉၃၀၇] စသည့် အမည်(၆)ဦးဖြင့် အမည်ပေါက် မှတ်သားတည်ရှိနေသည့် နှစ်(၆၀)ဂရန်စာချုပ်ဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်ကို အဆက်အစပ် စာချုပ်များဖြင့် လက်ရှိလက်ဝယ်ပိုင်ဆိုင်ဝယ်ယူထားပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ယခုအပြီးအပိုင်ရောင်းချရန် စကားကမ်းလှမ်းလာသူ ဒေါ်မိုးမိုးခိုင် [၁၂/မဂတ(နိုင်) ၁၁၅၇၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးရတနာထွန်း [၁၂/မဂတ(နိုင်) ၁၁၈၇၂၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည် အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးရတနာထွန်း [၁၂/မဂတ(နိုင်) ၁၁၈၇၂၁]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးစိန် (LL.B, D.B.L, D.M.L, DA, PSY)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၈၀)**
**ဖုန်း-၀၉-၉၅၉၇၂၇၆၅၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁၊ ၅ နှင့် ၂၀
## တွံတေးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၀

| | | |
|---|---|---|
| ဦးစိုးနိုင် | နှင့် | ၁။ ဦးဝင်းကြိုင်<br>၂။ ဒေါ်စန်းကြည် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ဒလမြို့နယ်၊ (၆)နံပါတ်ရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ် (၃၉) နေ ဦးဝင်းကြိုင်၊ ဒေါ်စန်းကြည် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ လက်ရောက်ပေးအပ်ရန်(သို့မဟုတ်) ရောင်းဖိုးငွေကျပ်(၂၅,၀၀၀,၀၀၀/-)နှင့် နစ်နာကြေးငွေကျပ်(၃၀,၀၀၀,၀၀၀/-) စုစုပေါင်းငွေကျပ် သိန်း(၅၅၀)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ( ၅ )ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့) မွန်းမတည့်မီ နံနက် (၁၁)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၂)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်စိန်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**တွံတေးခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁/၁၀၊ မြေကွက်အမှတ်– ၂၄၉/ခ၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်– ၂၄၉/ခ၊ ပိတောက် (၄)လမ်း၊ (၁/၁၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းစိန် (AB– ၀၅၀၃၁၄) အမည်ပေါက်လျက်ရှိသော နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဆက်စပ်စာချုပ်များအရ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိရောင်းချပိုင်ခွင့်ရှိသူ ရောင်းသူ ဒေါ်မိုးမိုးထွန်း [၁၂/လသယ(နိုင်)၀၃၈၃၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးနေမင်းထက် [၅/ဝလန(နိုင်) ၂၄၄၃၅၅]နှင့် ဒေါ်ခိုင်ဇာမွန် [၅/ဝလန(နိုင်)၁၇၁၇၃၈]တို့မှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၅၅၊ မြေကွက်အမှတ်–၅၀၆၊ မြေကွက်တည်နေရာအမှတ်–၅၀၆၊ ရွှေကံ့ကော်(၂)လမ်း၊ (၅၅) ရပ်ကွက်၊ ဒဂုံတောင် ၁။ ဒေါ်မိုးမြင့်မြင့်မောင် [၉/မထလ(နိုင်)၂၃၀၇၄၃]၊ ၂။ ဒေါ်မိမိအေး [၁၂/ဥကတ(နိုင်)၁၅၀၇၁၃] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်မိုးမြင့်မြင့်မောင်၊ ဒေါ်မိမိအေးတို့ဖြစ်ပြီး ဒေါ်မိမိအေးမှ အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်အမှတ်– ၉၀၈/၂၀၂၅ (၁၁–၂–၂၀၂၅)ဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၀၆၊ အကျယ်အဝန်း (၄၀ပေx ၆၀ ပေ)၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တရားဝင်မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ အရောင်ခြယ်သထားသော အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ (မြေကွက်အမှတ်–၅၀၇ နှင့် ကပ်လျက်အခြမ်း) မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အနက်မှ စွန့်လွှတ်သူ ဒေါ်မိမိအေး ပိုင်ဆိုင်သည့်အစုအား ဒေါ်မိုးမြင့်မြင့်မောင် [၉/မထလ (နိုင်)၂၃၀၇၄၃] ပိုင်ဆိုင်ခဲ့ပြီး ဒေါ်မိုးမြင့်မြင့်မောင်မှ အပြီးအပိုင်စွန့်လွှတ်ခြင်း စာချုပ်အမှတ် – ၉၀၉/၂၀၂၅ (၁၁–၂–၂၀၂၅)ဖြင့် တရားဝင်မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ အရောင်ခြယ်သထားသော အကျယ်အဝန်း (၂၀ ပေx ၆၀ပေ)ရှိ မြေကွက်အမှတ်– ၅၀၅ နှင့် ကပ်လျက်အခြမ်း မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အနက်မှ စွန့်လွှတ်သူ ဒေါ်မိုးမြင့်မြင့်မောင် ပိုင်ဆိုင်သည့်အစုအား ဒေါ်မိမိအေး [၁၂/ဥကတ(နိုင်)၁၅၀၇၁၃] ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်မိုးမြင့်မြင့်မောင်၊ ဒေါ်မိမိအေးတို့မှ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ အပြီးအပိုင် စွန့်လွှတ်ခြင်းစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူး/ မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၁၈)၊ ဦးပိုင်အမှတ်(၁၈/ခ)၊ ၄၁လမ်း၊ ၈၀ လမ်းထောင့်ရှိ ဦးတင် (ခ) ဦးတင်စော အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးတင် (ခ) ဦးတင်စော၊ မိခင် ဒေါ်စောညွန့်၊ သား ဦးရဲမြင့်နှင့် ဇနီး ဒေါ်စိန်ရင်တို့ ကွယ်လွန်၍ ကျန်ရစ်သူ သမီး၊ မြေးတို့ဖြစ်ကြသော ဒေါ်ငွေး [၉/မရတ (နိုင်) ၀၃၆၁၃၀၆]၊ ဒေါ်အေး (WMDY–၃၂၀၄၆၅)၊ ဒေါ်တိုး (WMDY–၃၂၀၄၆၆)၊ ဒေါ်သဇင်မြင့် [၉/မဟာမ (နိုင်) ၀၁၅၂၃၈] တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဠ)၊ မြေကွက်အမှတ် (၆၄၈)၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၆၄၈)၊ ကရဏာ (၂)လမ်း၊ (ဠ)ရပ်ကွက်၊ ဒေါ်လှမြင့် [၁၂/ဗတထ(နိုင်)၀၀၃၃၃၁] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဒေါ်လှမြင့်(မိခင်)သည် (၆–၃–၁၉၉၄)ရက်နေ့တွင်လည်းကောင်း၊ ဦးဘူးဒါး(ဖခင်)သည် (၃–၁၀–၁၉၉၁)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဦးခင်မောင်ဝင်း၊ ဒေါ်မြင့်မြင့်သန်း [၃/ဘအန(နိုင်)၀၅၆၀၄၆]၊ ဒေါ်သက်သက်နွယ် [၁၂/ဥကမ(နိုင်)၁၅၅၈၅၀] သား/သမီး (၃)ဦးမွေးဖွားခဲ့ရာ သားတစ်ဦးဖြစ်သူ ဦးခင်မောင်ဝင်းသည် (၂၄–၉–၂၀၁၂)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်ခင်ယု [၁၄/ဖပန (နိုင်) ၀၄၈၀၉၇]မှ အမည်ပေါက်၏ ကျန်သမီး(၂)ဦးဖြစ်သူ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်သက်သက်နွယ်တို့နှင့်အတူ ပူးတွဲ၍ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သမီး(၂)ဦးနှင့် ချွေးမတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်– ၅/၁၂၉၃/၂၀၂၅/၂၀–၅–၂၀၂၅၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ (၂၂–၃–၂၀၂၅)ရက်စွဲဖြင့် ဖခင်ဖြစ်သူ ဦးဘူးဒါး၊ မိခင်ဖြစ်သူ ဒေါ်လှမြင့်တို့၏ သေစာရင်းမှာ ယင်းရုံးရှိ စာရင်းဌာနတွင် ရှာဖွေမတွေ့ရှိပါသဖြင့် သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း အကြောင်းပြန်ကြားစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၃–၅–၂၀၂၅)ရက်စွဲဖြင့် ဖခင် ဦးဘူးဒါးသည် (၃–၁၀–၁၉၉၁)ရက်နေ့တွင်လည်းကောင်း၊ မိခင် ဒေါ်လှမြင့်သည် (၆–၃–၁၉၉၄) ရက်နေ့တွင်လည်းကောင်း သေဆုံးသွားကြသည်မှာ မှန်ကန်ကြောင်း ထောက်ခံစာ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၆၀) မြေငှားဂရန်မူရင်းမှာ ပျက်စီးနေသည်မှာ မှန်ကန်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းမရှိပါကြောင်း၊ ပျက်စီးနေသော ဂရန်မူရင်းမှာ မိမိတို့၏လက်ဝယ်တွင်ရှိပါကြောင်း ဝန်ခံကတိကျမ်းကျိန်လွှာ အမှတ်– ၅/၂၃၈/၂၀၂၅/၅–၅–၂၀၂၅၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဝင်စာအမှတ်– ၆၈၇/၂–၇–၂၀၂၅ ရက်စွဲဖြင့် မြေပြင်ရှိ (၁)ထပ် ကျောက်ပြားကာ အဆောက်အဦတွင် အိမ်ငှားဖြစ်သူ ဦးဇော်သက်ပိုင်အား ငှားရမ်းထားခြင်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိတို့မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုပြီးပါက ဂရန်မိတ္တူလျှောက်ထားရမည်ကိုသိရှိကြောင်း ဝန်ခံကတိတို့ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၇ သမိုင်း၊ မြေကွက်အမှတ်– ၂/က–၇ B–၂၊ ဧရိယာ–(၀.၂၁၈)ဧကရှိ ဒေါ်ခင်မာကြိုင် [၁၂/မရက (နိုင်) ၀၃၀၈၆၁] အမည်ပေါက် မြေပိုင်မြေ၊ လ/န၃၉ (အိမ်ရာမြေသတ်မှတ်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၅/၁/ဂ)၊ ရေဝတီသစ်ခွဥယျာဉ်လမ်း၊ ကုန်းမြင့်ရိပ်သာ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက်သူနှင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိသော ဦးကျော်ဇော်လင်း [၁၂/မဂတ(နိုင်) ၀၀၂၆၀၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက တစ်ဆင့်ပြန်လည်လွှဲပြောင်းရယူမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်ရန် အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေကွက်နှင့်အိမ်အား ကျွန်ုပ်၏မိတ်ဆွေ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B , D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium ၊ အမှတ် (၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၅၀၀၃၉၂၁၀၊ ၀၉–၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –၄၅၊ ယင်းမာလမ်း၊ မြေကွက်အမှတ်– ၈၀၄၊ ဧရိယာ(၀. ၀၅၅) ဧကအကျယ်အဝန်းရှိ ဦးတင်မောင်လှ(BV –၀၃၅၉၀၈) အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးနိုင် [၁၂/အစန(နိုင်) ၁၅၃၈၄၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန်းမေကြည်အေးမောင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၆၈၈)**
**အမှတ်– ၁၁၀/က၊ တက္ကသိုလ်ပတ်လမ်း–(၁)၊ ၅၂ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၉၆၆၂၄၃၀၂၅**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အဖ ဦးအောင်လွင်၏ သား **ဦးအားမာန် [၁၂/သကတ(နိုင်)၂၀၀၇၉၆]** နှင့် အဖ ဦးမြအုံး၏သမီး **ဒေါ်ကေသီဌေး[၁၂/ကမန(နိုင်)၁၀၉၇၃၇]** တို့သည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှစ၍ အကြင်လင်မယားအဖြစ် စတင်ပေါင်းသင်းနေထိုင်ခဲ့ကြပြီးနောက် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်းနှင့် ထိုသို့ နှစ်ဦး သဘောတူကွာရှင်းပြတ်စဲခဲ့ပြီးသည့်နေ့မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်းတို့ အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအားမာန်နှင့် ဒေါ်ကေသီဌေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရည်မွန်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် – ၅၀၆၁၂)**
**အမှတ်(၃၈၈)၊ ပျဉ်းမမြိုင်လမ်း၊ (က)ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၄၄၈၂၈၈၃၁၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၃၂၊မြေကွက်အမှတ်–၂/ဃ–၇–ဒီ–၂ဘီ၊(၀.၀၉၆)ဧက၊မြေကွက်တည်နေရာအမှတ်–၅၈၄၊မွှေးရုံလမ်း၊(၁၀)ရပ်ကွက်၊ဦးသန်းအောင်(၁၂/လမန(နိုင်)၀၈၅၉၄၇)(အေဘီ–၀၅၂၂၇၄)အမည်ပေါက်မြေပိုင်မြေ(အိမ်ယာမြေသတ်မှတ်)မြေအားအမည်ပေါက်ကိုယ်တိုင်မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊အရောင်းအဝယ်စာချုပ်အမှတ်–၆၂/၁၉၈၆ (၆–၂–၁၉၈၆)လက်ခံအမှန်၊အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်(၄၇၄/၁၉၈၈)(၂၃–၆–၁၉၈၈)လက်ခံအမှန်၊မြေအရောင်းအဝယ်စာချုပ်အမှတ်–၁၀၁၉/၁၉၉၄(၁၃–၅–၁၉၉၃)လက်ခံမှန်၊အမှားပြင်ဆင်ခြင်းစာချုပ်အမှတ်–၁၇၂၀/၂၀၁၆(၂၅–၄–၂၀၁၆)၊အမည်ပေါက်ပြောင်းလဲခြင်းမှတ်တမ်း၊ခွဲစိတ်မြေပုံတို့ကိုတင်ပြ၍မြေကွက်ခွဲရန်နှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ ဦးပိုင်အမှတ်–၂–စ (ခဲစင်း)၊ ၁၃လမ်း၊ ၈၀x ၈၁လမ်းကြားရှိ ဘိုးဘ မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်မြိုင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၄၃၅/၁၉၇၁)ဖြင့် ဝယ်ယူခဲ့သော ဦးကျော်ရှိန်၊ ဒေါ်ခင်နုတို့ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၅၂/၁၉၇၂)ဖြင့် ဝယ်ယူခဲ့သော ဦးစံဟိန်း၊ ဒေါ်မြကျင်တို့ထံမှ အမွေဆက်ခံစာချုပ်အမှတ်(၁၉၄၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဦးကျော်စိုးထက်၊ ဒေါ်ခင်ဌေးဝင်း၊ ဦးလှမြင့်၊ ဒေါ်စောဝတ်မှုံ၊ ဒေါ်တင်တင်ဝင်းတို့ (၅)ဦးအနက် ဦးလှမြင့်ပါ (၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၈၁၈/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သော ဦးကျော်စိုးထက်၊ ဒေါ်ခင်ဌေးဝင်း တို့(၂)ဦးအနက် ဦးကျော်စိုးထက်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၆၆၉/၂၀၂၅)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံခဲ့သူ ဒေါ်ခင်ဌေးဝင်း [၉/မနမ (နိုင်) ၀၈၂၃၃၂]က အမှုတွဲအမှတ်(၀၁၇၈/ဘ၊ ခွဲ(ပြောင်း)/၂၀၂၅–၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## (၁၅–၇–၂၀၂၅)နေ့ထုတ် ကြေးမုံသတင်းစာတွင် ဦးဝင်းထိန် ပါ–၂ နှင့် ၎င်း၏ တရားလွှတ်တော်ရှေ့နေ ဦးအောင်ကိုကို (စဉ်– ၁၀၄၂၀)တို့၏ "မြိတ်ဘိုးဘွားရိပ်သာ (ရန်ကုန်) အလှူရှင်များသိစေရန်" ကြေညာချက်အပေါ် မြိတ်အသင်း၏အစည်းအဝေးဆုံးဖြတ်ချက်အရ ပြန်လည်ရှင်းလင်းကြေညာခြင်း

ဦးဝင်းထိန် ပါ–၂ နှင့် တရားလွှတ်တော်ရှေ့နေ ဦးအောင်ကိုကိုတို့၏ (၁၅–၇–၂၀၂၅)ရက်စွဲပါ ကြေညာချက်အပိုဒ် (၁)ရှိ (၆.၄)ဧက မြေပေါ်တွင် မြိတ်ဘိုးဘွားရိပ်သာ(ရန်ကုန်)မှာ အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် (၃၀–၈–၂၀၂၄)နေ့တွင် ကြေးမုံသတင်းစာ၌ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းကြေညာချက်အပေါ် မြိတ်နယ်သူနယ်သားများ၊ အလှူရှင်များအနေဖြင့် စဉ်းစားဆင်ခြင်နိုင်ရန်ဟုဖော်ပြ၍ မြိတ်မြို့နယ်အသင်း(ရန်ကုန်)က (၁၀–၉–၂၀၂၄)နေ့ထုတ် ကြေးမုံသတင်းစာတွင် ရှင်းလင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ ရှင်းလင်းကြေညာထားပြီးဖြစ်ပါလျက် ဦးဝင်းထိန်၏ကြေညာချက်အပိုဒ် (၂)တွင် ကန့်ကွက်မှုမရှိခြင်းကြောင့် (၁၃–၁၀–၂၀၂၄)နေ့တွင် ၎င်းနှင့်ဇနီး ဒေါ်အေးအေးယုတို့မိသားစုမှ တိပိဋကကောဝိဒ(သုခဗုဒ္ဓ) ဆရာတော်ဘုရားထံ ရေစက်ချလှူဒါန်းခဲ့ခြင်းပြုခဲ့သည်ဟု ဖော်ပြထားခြင်းသာဖြစ်ပါသည်။

ဦးဝင်းထိန်သည် မြိတ်မြို့နယ်အသင်း၏ဒုတိယဥက္ကဋ္ဌအဖြစ် ၂၀၂၃–ခုနှစ်၊ စက်တင်ဘာလနောက်ဆုံးပတ်အထိ တာဝန်ယူခဲ့သူဖြစ်ပြီး၊ ၎င်းကြေညာချက်အပိုဒ် (၃)တွင် ၂၀၁၇–ခုနှစ်၊ ဖေဖော်ဝါရီလမှ ဇွန်လအထိ ဘိုးဘွားများရိပ်သာ(ရန်ကုန်) ဖြစ်မြောက်မည်အထင်ဖြင့် လှူဒါန်းခဲ့သော အလှူရှင်များ၏ စုစုပေါင်း လှူဒါန်းငွေ (၁၂၆၅)သိန်းအား လောင်းတော်ဦး တိပိဋကမဟာသစ္စာအောင်မြေသို့ လှူဒါန်းရန်ဆန္ဒမရှိကြသည့် အလှူရှင်များသို့ ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်ဟု ဖော်ပြထားသည့်အတွက် အဆိုပါ ဖေဖော်ဝါရီလမှ ဇွန်လအထိ အလှူရှင်များ၏ လှူဒါန်းငွေသည် မြိတ်အသင်း(ရန်ကုန်)၏ ဝင်ငွေစာရင်းတွင် ထည့်သွင်းအပ်နှံခဲ့ခြင်းမရှိ၍ ကျွန်ုပ်တို့အား ညွှန်ကြားသူ မြိတ်အသင်းမှ ယင်းငွေကြေးကိစ္စမသိရှိရကြောင်းကိုလည်း ရှင်းလင်းကြေညာအပ်ပါသည်။

မြိတ်အသင်း(ရန်ကုန်)သည် အသင်း၏ဒုတိယဥက္ကဋ္ဌ ဦးမြဘူးအား ကိုယ်စားလှယ်လွှဲအပ်၍ မင်္ဂလာဒုံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်– ၅၃/၂၀၂၅ (ယခင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်–(၇၆/၂၀၂၄)ဖြင့် ဦးဝင်းထိန်နှင့် ဇနီး ဒေါ်အေးအေးယုတို့အပေါ် "မြိတ်ဘိုးဘွားရိပ်သာဖွင့်လှစ်ရန်အတွက် အဆောက်အဦများ၊ ဆက်စပ်အဆောက်အဦများဆောက်လုပ်ထားပြီး တရားလိုလက်ရှိဖြစ်နေသော (၆.၄)ဧကရှိ မြေနှင့် မြေပေါ်ရှိ အဆောက်အဦများကို တရားလို မြိတ်မြို့နယ်အသင်းမှ အနှောင့်အယှက်ကင်းစွာ လက်ရှိထားပိုင်ခွင့်ရှိကြောင်း (Possessory Title) မြွက်ဟကြေညာပေးစေလိုမှုနှင့် ယင်းမြေနှင့်မြေပေါ်ရှိ အခွင့်အရေးအရပ်ရပ်ကို တရားပြိုင်များအပါအဝင် ၎င်းနှင့်ဆက်စပ်သူများက မည်သည့်နည်းနှင့်မျှ ဆန့်ကျင်နှောင့်ယှက်ဟန့်တားခြင်းများမပြုလုပ်ရန် အမြဲတမ်းတားဝရမ်းရလိုမှု" စွဲဆိုထားခြင်း၊ ယင်းမြိတ်ဘိုးဘွားရိပ်သာအသင်းတည်ရှိရာ မြေကွက်နှင့်ပတ်သက်၍ မင်္ဂလာဒုံမြို့နယ်တရားရုံးတွင် ရာဇဝတ်ကြောင်းဖြင့် အပြန်အလှန်စွဲဆိုထားခြင်းများကို စစ်ဆေးလျက်ရှိကြောင်း ဦးဝင်းထိန်တို့ဘက်မှ သိရှိပါလျက် အဆိုပါတရားမမှု၊ ရာဇဝတ်မှုများကိုချန်လှပ်ပြီး ယင်းအမှုများ၌ တရားစွဲဆိုထားသည့်ကိစ္စများနှင့်ပတ်သက်၍ တရားရုံးများက အဆုံးအဖြတ်မပြုမီ သတင်းစာမှကြေညာချက် ထည့်သွင်းသူတို့၌ တာဝန်ရှိမည်ဖြစ်ကြောင်း အများသိစေရန်ရှင်းလင်းကြေညာအပ်ပါသည်။

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)၏ ဒု–ဥက္ကဋ္ဌ ဦးမြဘူး၏ ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နေရီရီလင်း LL.B, D.B.L, D.I.L, D.M.L** | **ဒေါ်ဝါဝါသိမ့် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၂၁၃၈)** | **အထက်တန်းရှေ့နေ (စဉ်–၅၅၉၄၃)** |

**အမှတ်–၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၂) ရပ်ကွက်၊ သီတဂူ (၁) လမ်း၊ အမှတ် (၆၅၀) နေ ကျွန်မ **ဒေါ်မေသူအောင် [၁၂/မဂတ(နိုင်)၁၀၇၃၅၁]**၏ ဖခင် **ဦးကြည်ဆန်းနှင့် ဦးကြည်စန်း** သည် အမည် (၂) မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်မေသူအောင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ–၇)၊ ဦးပိုင်အမှတ်– ၅၇ ခဲစင်း ရှေ့ခြမ်း + နောက်ခြမ်း၊ ၆၅x၆၇ ကြား၊ ၁၁၈x၁၁၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းဝင်း [၁၀/ပမန(နိုင်)၀၄၃၂၁၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၆၈၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်အောင်ဖြိုး [၉/ခမစ (နိုင်) ၀၂၁၉၉၇]က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြမှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၆)၊ ဦးပိုင်အမှတ်(၄၁–ခ)၊ ၃၀x၃၁ကြား၊ ၈၆x၈၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဌေးဌေးကြည် [၉/မနတ (နိုင်) ၀၁၃၈၉၆]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၄၆/၂၀၂၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြင့်ဦး [၉/မရမ (နိုင်) ၀၂၂၆၃၅] (၎င်းကိုယ်တိုင်နှင့်အတူ)၊ ဦးမောင်မောင်ဌေး [၉/မနတ (နိုင်)၀၁၄၃၃၅]၊ ဦးမောင်အေး [၉/မနတ(နိုင်)၀၁၃၂၁၉]တို့၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၆၈၇၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းသန်းသန်းနွဲ့ (ခ) ခင်နွဲ့ [၉/မရတ (နိုင်) ၀၅၅၈၆၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၁ နှင့် ၅) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်၌ ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် – ၄၅

| | | |
|---|---|---|
| ဒေါ်မေမြသိင်္ဂီ | နှင့် | ဦးမြင့်စိန် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ ချောင်းသာ (၁)လမ်း၊ အမှတ် (၆၀၂/ခ)နေ တရားပြိုင်ဦးမြင့်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မေမြသိင်္ဂီက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇူလိုင် လ ၃၁ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၁နာရီ အချိန်တွင် အထက်က အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲဟန်ဇော်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် (၃၀၀) ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦရှိ ဒုတိယထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ ပေx ၅၀ပေ)ခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ **ဒေါ်ခင်မာထွေး [၁၂/မဂတ(နိုင်)၀၅၈၃၁၁]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်ဝင်းဦး (LL.B., LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၅၂၇)**
**အခန်း(၄၀၅)၊ တိုက်(စီ)၊ ၄–လွှာ၊ ရွှေမိုးကောင်းကွန်ဒို၊**
**မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉– ၉၆၅၁၇၈၀၁၈၊ ၀၉– ၂၅၀၀၆၀၃၁၃**

---

တရားမပုံစံအမှတ် ၉၄

## ရောင်းချရန်ကြော်ငြာစာ

## တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆

## မရမ်းကုန်းခရိုင်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၉၃

| | |
|---|---|
| ဧရာဝတီဘဏ်လီမိတက်(၎င်းကိုယ်စား နှင့် ဧရာဝတီဘဏ်လီမိတက်၊ ရန်ကုန်ဘဏ်ခွဲ(၄) တာဝန်ခံဒေါ်အေးမင်းသန့်) | ၁။ ဦးစိုင်းကျော်လွင်မိုး<br>၂။ ဒေါ်တင်မိုးအေးဦး<br>၃။ ဦးတင်မောင်အေး<br>၄။ ဒေါ်ဇင်သက်မာ<br>၅။ ဦးရဲထွန်း |
| **ဒီကရီအနိုင်ရသူ** | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်–၁၃/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၄)ရက်၊ နံနက်(၁၀:၀၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

### လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

### ပစ္စည်းစာရင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၈၊ လူနေရပ်ကွက် အမှတ်–(သမိုင်း)၊ မြေကွက်အမှတ် (၆/c ၁၆–A) မြေအမျိုးအစား– မြေပိုင်မြေ၊ ဧရိယာ (၀.၀၈၀)ဧကရှိဦးစိုင်းကျော်လွင်မိုး အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး– ကျပ်သိန်း(၃၄၀၀၀)**
**(ကျပ်သိန်းသုံးသောင်းလေးထောင်တိတိ)**

၂။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၈၊ လူနေရပ်ကွက် အမှတ်–(သမိုင်း)၊ မြေကွက်အမှတ်(၆/c ၁၆–B)မြေအမျိုးအစား–မြေပိုင်မြေ၊ ဧရိယာ (၀.၁၃၄)ဧကရှိ ဒေါ်ဇင်သက်မာနှင့် ဦးတင်မောင်အေးတို့ အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး– ကျပ်သိန်း(၄၄၀၀၀)**
**(ကျပ်သိန်းလေးသောင်း လေးထောင်တိတိ)**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– သကမ–၁၇၊ မြေကွက်အမှတ်– ၁၄၆၃/က၊ အကျယ်အဝန်း (ပေ ၂၀x ပေ ၆၀)၊ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အဆောက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်ကျင်ဆိုင် [၁၄/ကလန(နိုင်)၀၇၀၉၈၃]မှ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းကျော်ထွန်း [၈/ပခက(နိုင်)၃၁၂၈၆၉]နှင့် ဒေါ်အိဖြူကျော် [၈/မမန(နိုင်)၂၃၁၇၆၇] တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှ ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းကျော်ထွန်းနှင့်ဒေါ်အိဖြူကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာအောင် ( LL.B, D.I.L, D.B.L, Dip in HR )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၉၅၀)**
**အမှတ်–၃၄/၄၉ ၊ အခန်း (၁၄)၊ ပထမထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၆၉၂၂၂၀၁၀၀၊ ၀၉–၉၄၆၉၄၆၃၂၆**

---

## ကန့်ကွက်နိုင်ပါကြောင်း

သန်လျင်မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ်– ၁–B၊ မြေကွက်အမှတ် (၁၃–B/၂၈)၊ ဧရိယာ (၀.၁၄၆)ဧက၊ နှစ်(၆၀) မြေငှားစာချုပ် အမည်ပေါက်မှာ ဦးမြင့်အောင် + ဒေါ်တင်တင်ရီ ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား မြေကွက်နှင့် မြေကွက်ပေါ်ရှိ လုံးချင်းအိမ်ရာအရောင်းအဝယ်ကတိစာချုပ် (၁၄၅/၂၀၂၅)၊ (၂၆–၅–၂၀၂၅) တင်ပြ၍ ဒေါ်လင်လင်ရင်(ခ)နန်းလောင်ခမ်း (ဘ) ဦးအိုက်လူ [၁၃/တကန(နိုင်)၀၀၄၂၀၇] အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ဗိုလ်ကြာညွန့်လမ်း၊ မြေကွက်အမှတ် (၂၅၀)ဟုခေါ်တွင်သော (အလျား ၄၅ပေx အနံ ၆၀ပေ)အကျယ်အဝန်းရှိ ဦးမောင်မောင်ခ [၁၂/ကမတ(နိုင်)၀၀၀၃၇၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ် (၂၅၁)နှင့် ကပ်လျက်ဘက်ခြမ်း၊ ခေါင်းရင်းခြမ်း၊ (အလျား ၂၃ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်ခမှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝင်းအေး [၁၄/မအပ(နိုင်)၁၅၈၉၀၇]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) (LL.B)** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **Ph: 09–954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊** | **Ph: 09–420080932, 09–983837110** |

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ စံပယ်လမ်း၊ မြေကွက်အမှတ်(၆၆၆) ဟုခေါ်တွင်သော (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမိုးကျော်အောင် [၁၂/အစန(နိုင်)၀၁၂၂၉၉]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရင်အေး [၁၂/အလန(နိုင်)၀၂၂၀၄၃]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) (LL.B)** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **Ph: 09–954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09–420080932, 09–983837110** |

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ ၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးဝိစ္ဆာလမ်း၊ အမှတ်(၅) ဟုခေါ်တွင်သည့် (၂)ခန်းတွဲ၊ (၈)ထပ်တိုက် အဆောက်အဦ၏ ခေါင်းရင်းခန်း၊ ဒုတိယထပ်(၃–လွှာ)၊ (အလျား ၁၈ပေx အနံ ၆၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ညိုမီရွှေ [၁၂/ဗတထ(နိုင်)၀၂၀၀၀၃]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) (LL.B)** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၃၉၂၄)** |
| **Ph: 09–954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09–420080932, 09–983837110** |

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

## ကြော်ငြာစာအမှတ်( ၁ / ၂၀၂၅ )

## ၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

## (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းရှိ သံမဏိစက်ရုံများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူး(၃၂၃)နေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် –

**(က) အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)**

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | နေရာ |
|---|---|---|---|
| (၁) | အလုပ်ရုံစိတ်မှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) | B.Tech(Metal/MC)<br>AGTI(MP/EP/EC) | (၅၉)နေရာ |
| (၂) | ထုတ်လုပ်ရေးကျွမ်းကျင်(၄)<br>(၁၈၀,၀၀၀–၂၀၀၀–၁၉၀,၀၀၀) | B.C.Sc/ B.Sc | (၁၁)နေရာ |
| (၃) | ထုတ်လုပ်ရေးကျွမ်းကျင်(၅)<br>(၁၆၂,၀၀၀–၂၀၀၀–၁၇၂,၀၀၀) | ITC လက်မှတ်ရ | (၁)နေရာ |

**(ခ) အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)**

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | နေရာ |
|---|---|---|---|
| (၁) | အလုပ်ရုံစိတ်မှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) | B.Tech (Metal/MC)<br>AGTI (MP/EP/EC) | (၅၁)နေရာ |
| (၂) | ထုတ်လုပ်ရေးကျွမ်းကျင်(၄)<br>(၁၈၀,၀၀၀–၂၀၀၀–၁၉၀,၀၀၀) | B.C.Sc/B.Sc | (၁၁၇)နေရာ |
| (၃) | ထုတ်လုပ်ရေးကျွမ်းကျင်(၅)<br>(၁၆၂,၀၀၀–၂၀၀၀–၁၇၂,၀၀၀) | ITC လက်မှတ်ရ | (၈၄)နေရာ |

၂။ လျှောက်ထားသူသည် –

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) ၃၁–၈–၂၀၂၅ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး (၃၄)နှစ်ထက် မကျော်လွန်ရ။ (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက) (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။
- (ဃ) အပိုဒ်(၁) အမှတ်စဉ်(က)ပါ ရာထူးအတွက် အင်္ဂလိပ်စာနှင့် ကွန်ပျူတာ ကျွမ်းကျင်သူကို ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။
- (င) အကျင့်စာရိတ္တ ကောင်းမွန်ပြီး ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်။
- (စ) လျှောက်ထားသူတစ်ဦးလျှင် ရာထူးအလွှာတစ်မျိုးကိုသာ လျှောက်ထားရမည်။
- (ဆ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရမည်။ တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက လျော်ကြေးငွေ (၅)သိန်းကျပ်တိတိ ပေးဆောင်ရမည်။
- (ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည် –

- (က) လျှောက်ထားသည့် ရာထူးအမည်၊
- (ခ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ဂ) မွေးသက္ကရာဇ်နှင့် အသက်၊
- (ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
- (င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း
- (စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် အလုပ်အကိုင်၊
- (ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ (မူရင်း)
- (ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ် (မူရင်း)
- (ဈ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်း(ထောက်ခံချက်မူရင်း)
- (ည) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်
- (ဋ) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်
- (ဌ) အမြဲတမ်း နေရပ်လိပ်စာ အပြည့်အစုံ၊
- (ဍ) ယခင်လုပ်ကိုင်ခဲ့သော အလုပ်အကိုင် ရှိ/မရှိ အား ပြည့်စုံစွာဖော်ပြရန်၊

၄။ လျှောက်လွှာများကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၃၀)တွင် ရယူနိုင်ပြီး အမှတ်စဉ်(က) ရာထူးတန်းအတွက် စာမေးပွဲဝင်ကြေးငွေ ၅,၀၀၀/– (ကျပ်ငါးထောင်တိတိ)အား မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၏ ငွေစာရင်းအမှတ် (SEE–10811)သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ အလုပ်ရုံစိတ်မှူးနှင့် ထုတ်လုပ်ရေးကျွမ်းကျင်(၄) ရာထူးတန်းများအတွက် (မြန်မာ၊ အင်္ဂလိပ်၊ အထွေထွေဗဟုသုတ) ရေးဖြေစာမေးပွဲကို အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်) နေပြည်တော်၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ထုတ်လုပ်ရေးကျွမ်းကျင်(၅) ရာထူးတန်းအတွက် လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

၆။ လျှောက်ထားလိုသူများ၏ သဘောဆန္ဒအရ လျှောက်လွှာများကို အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်(သို့မဟုတ်)အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) (သို့မဟုတ်) အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)သို့ လိပ်မူပြီး လျှောက်လွှာများကို (၁–၈–၂၀၂၅)ရက်နေ့မှစ၍ စတင်လက်ခံမည်ဖြစ်ပြီး (၃၁–၈–၂၀၂၅)ရက်နေ့ အရောက်နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ စာမေးပွဲဖြေဆိုမည့်နေ့ရက်အား ကြိုတင်အကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန၊ နေပြည်တော်၊ ဖုန်း– ၀၆၇၃၄၀၅၄၅၁၊ ၀၆၇၃၄၀၅၄၈၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကြိုင်၏ သား ကျွန်တော် မောင်သက်ဆွေ [၁၂/ဥကတ (နိုင်) ၀၁၁၉၅၉]၏ ပတ်စ်ပို့နံပါတ် (MB–700034)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–43182312**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးအောင်ကျော်မင်း၏ သမီး ကျွန်မ မငယ်သွေးရီ [၉/ပသက (နိုင်) ၀၆၅၅၄၈]၏ ပတ်စ်ပို့နံပါတ်(MB–801462)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–43182312**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမြင့်သိန်း၏ သား မောင်စည်သူအောင် [၁၂/ကခက (နိုင်) ၀၈၃၀၆၃]၏ ပတ်စ်ပို့နံပါတ် (MA – 856346)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၄၄၄၆၇၆၄**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ခ/၇)၊ (၈)ရပ်ကွက်၊ တော်ဝင်လမ်း၊ မြေကွက်အမှတ် (၂၈၀) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဗိုလ်ကြီး မျိုးမြင့် အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၄၀x၆၀)ပေရှိ ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော ခေါင်းရင်းဘက်ခြမ်း အမှတ်(၂၈၁)နှင့်ကပ်လျက်ရှိသော အကျယ်အဝန်း (၁၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်နော်အေးမူ [၁၂/ရပသ(နိုင်)၀၄၃၂၇၀] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးဦး [၁၂/ရပသ(နိုင်)၀၉၄၉၆၃] ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအောင်မျိုးဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၅၀၅၉၈၆၂၄၊ ၀၉–၂၅၃၅၆၀၀၇၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံသည်အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားလုပ်ဆောင်...**

❖ **မိမိတို့နိုင်ငံသည် သဘာဝမှပေးထားသည့် ရာသီဥတုနှင့် မြေအနေအထား၊ တည်နေရာအနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့် နိုင်ငံဖြစ်...**

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၅)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

## အမျိုးပြည်သူသို့ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်များ၌ ပင်စင်လစာထုတ်ယူလျက်ရှိသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအနေဖြင့် ပင်စင်လစာထုတ်ယူရာတွင် လူပုဂ္ဂိုလ်စိစစ်မှုအား တိကျမှန်ကန်မြန်ဆန်စေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက်၍ ခေတ်မီနည်းပညာအသုံးပြု စိစစ်ဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများက အငြိမ်းစားဝန်ထမ်းများ၏ Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအနေဖြင့် UID နံပါတ်ရရှိရေးအတွက် မြို့နယ်ဦးစီးမှူးရုံးများသို့ လာရောက်လျှောက်ထားဆောင်ရွက်မှုများ များပြားလျက်ရှိနေသည့်အတွက် လုပ်ငန်းများအဆင်ပြေလွယ်ကူစေရန် အထူးအစီအစဉ်တစ်ရပ်အဖြစ် (၂၃-၇-၂၀၂၅) ရက်မှစ၍ ပင်စင်လစာထုတ်ပေးသည့်ကာလအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများက သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်များသို့ သွားရောက်ကွင်းဆင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယင်းလုပ်ငန်းစဉ်အား သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်များ၌ One Stop Service ဖြင့် နေ့ချင်းပြီး အဆင်ပြေစွာ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအနေဖြင့် UID လျှောက်ထားရယူမှုအပေါ် စိုးရိမ်ပူပန်မှုမရှိဘဲ အဆင်ပြေလွယ်ကူစွာ သွားရောက်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း ထိုင်းကို သရေကစားနိုင်သော်လည်း အုပ်စုမှထွက်ရ



မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဇူလိုင် ၂၂

၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဇူလိုင် ၂၂ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။

အုပ်စုပထမပွဲတွင် တီမောအသင်းနှင့် မထင်မှတ်ဘဲ သရေကျခဲ့သည့် မြန်မာအသင်းသည် ထိုင်းအသင်းကို အနိုင်ကစားနိုင်မှ ဆီမီးဖိုင်နယ် တက်ရောက်မည်ဖြစ်ရာ ကြိုးစားကစားသော်လည်း သရေတစ်မှတ်သာ ရယူနိုင်သဖြင့် အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၂၂


ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဇူလိုင် ၂၄ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## ယနေ့ညနေမှ ဇူလိုင် ၂၈ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်လျက်ရှိသော အပူပိုင်းမုန်တိုင်း“ဝီဖာ”မုန်တိုင်းမှ ပြတ်ထွက်လာသော တိမ်တိုက်များနှင့် အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ★




ယနေ့ ဖတ်စရာ


**တောင်သူများ နည်းပညာလက်ခံကျင့်သုံးမှု တိုးပွားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ** စာမျက်နှာ » ၄

**လူငယ်တို့၏ ဘဝလမ်းကြောင်း မတိမ်းစောင်းဖို့ မိဘနှင့် ဆရာ ဆရာမများ ပူးပေါင်းထိန်းကျောင်းစို့** ဆောင်းပါး စာမျက်နှာ » ၆

**တည်ဆောက်ရေးသုံးပစ္စည်းများ၊ ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ စစ်တွေမြို့သို့ရောက်ရှိ** စာမျက်နှာ » ၁၀

**အင်းစိန်မြို့နယ်တွင် ငွေကျပ် ၄၈ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများကို ပင်လယ်ရေကြောင်း အသုံးပြုသယ်ဆောင်ရောင်းဝယ်သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ** စာမျက်နှာ » ၁၅